# မာတိကာ

## အပိုင်း(၁)

## ဥရောပသမဂ္ဂ၏ သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆန္ဒအလျောက် မိတ်ဖက်အဖြစ် သဘောတူညီမှု (EU FLEGT VPA) လုပ်ငန်းစဉ်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ဥရောပသမဂ္ဂ သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းစီမံချက် (EU FLEGT Action Plan) | ၁ - ၂ |
| ၃။ | FLEGT VPA ညှိနှိုင်းဆွေးနွေးရာတွင် အခြေခံသည့်မူများ | ၂ - ၃ |
| ၄။ | FLEGT VPA  လုပ်ငန်းစဉ်ဖော်ဆောင်သည့်အဆင့်များ | ၃ - ၅ |
| ၅။ | FLEGT VPA  လုပ်ငန်းစဉ်မှ ရရှိနိုင်မည့် အကျိုးကျေးဇူးများ | ၅ - ၇ |
| ၆။ | ဥရောပသမဂ္ဂ သစ်တင်သွင်းခြင်းဆိုင်ရာစည်းမျဉ်း | ၇ |

# အပိုင်း(၂)

## မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်သည့် သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆန္ဒအလျောက် မိတ်ဖက်အဖြစ် သဘောတူညီမှု (Myanmar-EU FLEGT VPA) လုပ်ငန်းစဉ် ဆောင်ရွက်မှုအခြေအနေ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေ | ၈ |
| ၂။ | သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်မှု | ၈ - ၉ |
| ၃။ | သစ်တောများ ပျက်စီးဆုံးရှုံးရခြင်း အကြောင်းအရင်းနှင့် အကျိုးသက်ရောက်မှုများ | ၉ - ၁၁ |
| ၄။ | FLEGT VPA လုပ်ငန်းစဉ် အစပြုခြင်း | ၁၁ |
| ၅။ | ကြိုတင်ပြင်ဆင်သည့်အဆင့် လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | ၁၁ - ၁၃ |
| ၆။ | FLEGT VPA လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ | ၁၃ |
| ၇။ | ကြားဖြတ်လုပ်ငန်းအဖွဲ့ (Intreim Task Force – ITF) ဖွဲ့စည်းခြင်း | ၁၃ |
| ၈။ | ကြားဖြတ်လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များ | ၁၄ |
| ၉။ | အစည်းအဝေးများကျင်းပခြင်းနှင့် တာဝန်နှင့်ဝတ္တရားများ ရေးဆွဲအတည်ပြုခြင်း | ၁၄ - ၁၅ |
| ၁၀။ | FLEGT VPA လုပ်ငန်းစဉ်အား ရှင်းလင်းဆွေးနွေးခြင်း | ၁၅ |
| ၁၁။ | ပြည်ပလေ့လာရေးခရီးသွားရောက်ခြင်း | ၁၅ - ၁၆ |
| ၁၂။ | Myanmar-EU FLEGT အတွင်းရေးမှူးရုံး ဖွင့်လှစ်ခြင်း | ၁၇ |
| ၁၃။ | တိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်၍ FLEGT VPA လုပ်ငန်းစဉ်ဆိုင်ရာ ရှင်းလင်းတင်ပြခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | ၁၇ - ၂၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ရှေ့လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးမှု | ၂၀ |
| ၁၅။ | သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group- MSG) ဖွဲ့စည်းခြင်း | ၂၀ |
| ၁၆။ | အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း | ၂၁ - ၂၄ |
| ၁၇။ | နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း | ၂၄ - ၂၆ |
| ၁၈။ | စေ့စပ်ဆွေးနွေးခြင်းဆိုင်ရာ အဆိုပြုလမ်းပြမြေပုံ မူကြမ်းရေးဆွဲခြင်း | ၂၆ |
| ၁၉။ | တရားဝင် (Legality) အဓိပ္ပာယ်ဖွင့်ဆိုမှု မူကြမ်းရေးဆွဲခြင်း | ၂၆ |
| ၂၀။ | ကြားဖြတ်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ် သုံးသပ်ခြင်း | ၂၆ - ၂၇ |
| ၂၁။ | ကြားဖြတ်လုပ်ငန်းအဖွဲ့/သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ လုပ်ငန်းစီမံချက် (၂၀၁၈) | ၂၇ |
| ၂၂။ | သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့တွင် ဆောင်ရွက်ချက်များ | ၂၈ - ၂၉ |
| ၂၃။ | နိုင်ငံတကာအထောက်အပံ့များ | ၂၉ - ၃၁ |
| ၂၄။ | Myanmar- EU FLEGT Logo | ၃၁ - ၃၂ |
| ၂၅။ | နိဂုံး | ၃၂ |
| ၂၆။ | နောက်ဆက်တွဲများ<br>(က) ကြားဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များစာရင်း<br>(ခ) အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များစာရင်း<br>(ဂ) အတိုကောက်စာလုံးများ | ၃၃ - ၄၇ |

# အပိုင်း(၁)

# ဥရောပသမဂ္ဂ၏ သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆန္ဒအလျောက် မိတ်ဖက်အဖြစ် သဘောတူညီမှု (European Union, Forest Law Enforcement, Governance and Trade, Voluntary Partnership Agreement, EU FLEGT VPA) လုပ်ငန်းစဉ်

## နိဒါန်း

၁။ ၁၉၉၀ နှောင်းပိုင်းကာလတွင် တရားမဝင်သစ်ထုတ်လုပ်မှုများကြောင့် အပူပိုင်းနိုင်ငံများမှ သစ်တောများ ပြုန်းတီးခြင်းနှင့် အတန်းအစားကျဆင်းခြင်းများ ဖြစ်ပေါ်လာပြီး နည်းပညာအရ ဖြေရှင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိကြောင်း သိရှိလာကြပါသည်။

၂။ ၁၉၉၈ ခုနှစ်တွင် စက်မှုထွန်းကားသောနိုင်ငံကြီး (၈) နိုင်ငံပါဝင်သောအဖွဲ့ (The Group of Eight (G 8) Industrialized Nations) (ပြင်သစ်၊ အမေရိကန်၊ အင်္ဂလန်၊ ရုရှား၊ ဂျာမနီ၊ ဂျပန်၊ အီတလီ ၊ ကနေဒါ) ထိပ်သီးဆွေးနွေးပွဲတွင် တရားမဝင်သစ်ထုတ်မှုအား ဟန့်တားနိုင်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် သဘောတူခဲ့ကြပါသည်။

၃။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့၌ ကျင်းပခဲ့သည့် သစ်တောဥပဒေစိုးမိုးမှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ (FLEG) ညီလာခံတွင် တရားမဝင် သစ်ထုတ်လုပ်ခြင်းသည် အာရှဒေသတွင် ပျံ့နှံ့လျက်ရှိသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ဖြေရှင်းရန် နည်းလမ်းများ လိုအပ်နေကြောင်း လက်ခံခဲ့ကြပြီး ဘာလီကြေညာစာတမ်းတွင် တရားမဝင်သစ်ထုတ်ခြင်းကို ချက်ချင်းအရေးယူ ဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၄။ ၂၀၀၂ ခုနှစ်၊ ဧပြီလတွင် ဥရောပ၌ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် အပူပိုင်းဒေသမှ ထွက်ရှိသစ်များအား တင်ပို့မှုအများစုသည် ဥရောပသမဂ္ဂဖြစ်သည့်အတွက် ဥရောပသမဂ္ဂအနေဖြင့် ဖြေရှင်းရန်နှင့် နည်းလမ်းရှာဖွေရန် တာဝန်ရှိကြောင်း လက်ခံခဲ့ကြပြီး ယခင်ဆောင်ရွက်နေသည့် FLEG တွင် ကုန်သွယ်မှု “T” ထပ်ပေါင်းရန် အဆိုပြုခဲ့ကြပါသည်။

## ဥရောပသမဂ္ဂ သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းစီမံချက် (EU FLEGT Action Plan)

၅။ သစ်တောဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဥရောပသမဂ္ဂအစီအစဉ်သည် တရားမဝင်သစ်ထုတ်လုပ်မှုကို တိုက်ဖျက်ရန်၊ သစ်တောစီမံအုပ်ချုပ်မှုများအားကောင်းလာစေရန်နှင့် တရားဝင်သစ်ကုန်သွယ်မှု မြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အဓိက လုပ်ဆောင်မှုများအနေဖြင့် တရားဝင်သစ်ကုန်သွယ်မှုအပေါ် ဥရောပသမဂ္ဂမှ ဥပဒေပြဋ္ဌာန်းခြင်း (EU legislation on legal timber trade)၊ ထုတ်လုပ်သည့်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ဆန္ဒအလျောက် မိတ်ဖက်အဖြစ် ကုန်သွယ်ရေး သဘောတူညီချက်များချမှတ်ခြင်း (Bilateral trade treaties between timber producing countries and the EU = VPAs) နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ

အတွက် VPA ကိုအကောင်အထည် ဖော်ဆောင်နိုင်ရန် ထောက်ပံ့ပေးခြင်း ( Support for developing countries to implement VPAs) တို့ ပါဝင်ပါသည်။

၆။ ထုတ်လုပ်သည့်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ဆန္ဒအလျောက် မိတ်ဖက်အဖြစ် ကုန်သွယ်ရေး သဘောတူညီချက်များဖော်ဆောင်ရာတွင် ဥရောပသမဂ္ဂသို့တင်ပို့သည့် သစ်များသည် တရားဝင်ဖြစ်ကြောင်းပြသရန် လိုင်စင်စနစ် (FLEGT Licensing) တစ်ခု တည်ထောင်ရန် ရည်ရွယ်ထားပြီး တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် (Timber Legality Assurance System- TLAS) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ ဥရောပသမဂ္ဂသည် တရားမဝင်သစ်ထုပ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို လျော့နည်းပပျောက်စေရန်၊ အဖွဲ့ဝင်နိုင်ငံများအတွင်း တရားမဝင်သစ်များ မဝင်ရောက်နိုင်ရန်နှင့် တရားဝင်သစ်ကုန်သွယ်မှုကို မြှင့်တင်နိုင်ရန်အတွက် သစ်တောဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းစီမံချက် (EU FLEGT Action Plan) ကို ၂၀၀၃ ခုနှစ်တွင် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းစီမံချက်တွင် အောက်ဖော်ပြပ ါ လုပ်ငန်းများ ပါဝင်ပါသည်-

(က) ဥရောပသမဂ္ဂနှင့် သစ်တင်ပို့သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား နှစ်ဦးနှစ်ဘက်သဘောတူညီမှုလက်မှတ်ရေးထိုးရန်၊

(ခ) ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သစ်တောဥပဒေစိုးမိုးရေးနှင့် သစ်တောစီမံအုပ်ချုပ်မှုတို့တွင် အကူအညီပေးရန်၊

(ဂ) တရားမဝင်သစ်တင်ပို့မှုကို အရေးယူဆောင်ရွက်ရန် ဥရောပသမဂ္ဂ၏ လက်ရှိကျင့်သုံးလျက်ရှိသည့် သို့မဟုတ် ဥပဒေအသစ်များကို အသုံးပြုရန်၊

(ဃ) အစိုးရဌာနဆိုင်ရာလုပ်ငန်းများအတွက် တရားဝင်သစ်များသာဝယ်ယူသုံးဆွဲရန် မူဝါဒကို ပြဋ္ဌာန်းစေရန်၊

(င) ပုဂ္ဂလိကကဏ္ဍမှ တရားဝင်သစ်ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုများအား အကူအညီပေးရန်၊

(စ) ဘဏ္ဍာရေးနှင့် သစ်တောကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ လုံခြုံမှုရှိအောင်ဆောင်ရွက်ပေးရန်၊

(ဆ) နယ်မြေတည်ငြိမ်မှုမရှိသည့်ဒေသမှလာသည့် သစ်များနှင့်ပတ်သက်သည့် ပြဿနာများအား ဖြေရှင်းရန်၊

## FLEGT VPA ညှိနှိုင်းဆွေးနွေးရာတွင် အခြေခံသည့် မူများ

၈။ FLEGT VPA ညှိနှိုင်းဆွေးနွေးရာတွင် တစ်ဖက်ဖော်ပြပါမူများအား အခြေခံပါသည်-

(က) ပတ်ဝန်းကျင်ရေးရာ။ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေဘဲ ပြဋ္ဌာန်းထားသော ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်စေခြင်းဖြင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုကို အထောက်အကူပြုနိုင်ရေး ဦးတည်ဆောင်ရွက်သွားရန်၊

(ခ) စီးပွားရေးရာ။ နိုင်ငံတော်ဖွံ့ဖြိုးမှုနှင့် ပုဂ္ဂလိကကဏ္ဍ မြင့်တင်နိုင်ရန်အတွက် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချရာတွင် ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေး၊ နိုင်ငံတော်အတွက် အခွန်အခများ နစ်နာဆုံးရှုံးမှု မရှိစေရေး ဦးတည်ဆောင်ရွက်ရန်၊

(ဂ) လူမှုရေးရာ။ သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခွဲစိတ်ကုန်သွယ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော အလုပ်သမားများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် လုပ်အားတန်ဖိုးများ၊ ဒေသခံ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ဓလေ့ထုံးစံများကို ထိခိုက်မှု မရှိစေဘဲ အကျိုးဖြစ်ထွန်းစေရေး ဦးတည်ဆောင်ရွက်ရန်၊

## FLEGT VPA လုပ်ငန်းစဉ်ဖော်ဆောင်သည့်အဆင့်များ

၉။ FLEGT VPA လုပ်ငန်းစဉ်တွင် အောက်ဖော်ပြပါ အဆင့်(၄)ဆင့်ပါဝင်ပါသည်-

(က) အဆင့် (၁) ကြိုတင်ပြင်ဆင်ခြင်း (သို့မဟုတ်) အကြိုညှိနှိုင်းဆွေးနွေးခြင်း (Preparation or Pre-negotiation) တွင် အောက်ဖော်ပြပါ လုပ်ငန်းဖော်ဆောင်မှုများပါဝင်ပါသည်-

(၁) VPA လုပ်ဆောင်ရန်စိတ်ဝင်စားကြောင်း EU သို့ အကြောင်းကြားပြီး လိုအပ်သော သတင်းအချက်အလက်များတောင်းခံ၍ ဆက်သွယ်ဆောင်ရွက်ခြင်း၊

(၂) ပုဂ္ဂလိက ၊ လူမှုအဖွဲ့အစည်း ၊ အစိုးရကဏ္ဍတို့အကြား သတင်းအချက်အလက်များ အပြန်အလှန်မျှဝေကာ အမြင်ဖွင့်ခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ကြိုတင်ပြင်ဆင် ဆွေးနွေးညှိနှိုင်းခြင်း၊ ကဏ္ဍအလိုက် အကျိုးဆက်စပ်ပတ်သက်သူများ ဖော်ထုတ်ခြင်း၊

(၃) အားလုံးအတွက် အကျိုးရှိမည့် နိုင်ငံအဆင့် ဘုံသဘောတူညီချက် ချမှတ်၍ EU နှင့် ညှိနှိုင်းဆွေးနွေးရန် ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊

(ခ) အဆင့် (၂) နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးခြင်း (Bilateral Negotiations) တွင် တစ်ဖက်ဖော်ပြပါ လုပ်ငန်းဖော်ဆောင်မှုများ ပါဝင်ပါသည်-

(၁) နှစ်ဘက်သဘောတူညီချက် လက်မှတ်ရေးထိုးရန် VPA ပါ အကြောင်းအရာများနှင့် နောက်ဆက်တွဲများ ညှိနှိုင်းခြင်း၊

(၂) တရားဝင်သစ်အဓိပ္ပာယ်ဖွင့်ဆိုချက် (Legal Timber Definition) ၊ တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် (Timber Legality Assurance System- TLAS) ကို အသေးစိတ်ဆွေးနွေးခြင်း၊

(၃) TLAS ကို နိုင်ငံအတွင်းရှိ အကျိုးဆက်စပ်ပတ်သက်သူများအားလုံး ပါဝင်ဆွေးနွေးဖော်ထုတ်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊

(၄) EU မိတ်ဖက်အဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများအနေဖြင့် အားလုံးပါဝင်ဆွေးနွေးနိုင်ရန် လိုအပ်သော လမ်းညွှန်မှုများ၊ နည်းပညာနှင့် ပံ့ပိုးမှုများပေးခြင်း၊

(ဂ) အဆင့် (၃) အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (Ratification and Implementation) တွင် အောက်ဖော်ပြပါ လုပ်ငန်းဖော်ဆောင်မှုများပါဝင်ပါသည်-

(၁) EU နှင့် မိတ်ဖက်နိုင်ငံအစိုးရ၏ ကိုယ်စားလှယ်များမှ VPA အား သဘောတူခြင်း၊ အဆိုပါ VPA အား ဥရောပသမဂ္ဂတွင် တရားဝင်အသုံးပြုနေသော ဘာသာစကား (၂၄) မျိုးဖြင့် ဘာသာပြန်ပြီး ဥရောပကော်မရှင် (European Commission- EC) မှတစ်ဆင့် ဥရောပသမဂ္ဂပါလီမန်တွင် အတည်ပြုခြင်း၊

(၂) မိတ်ဖက်နိုင်ငံ၏ ဥပဒေပြုလွှတ်တော်တွင် အတည်ပြုခြင်း၊

(၃) ဥရောပပါလီမန်မှ အတည်ပြုပြီး EC ၏ဆုံးဖြတ်ချက်ဖြင့် သဘောတူညီချက်ထုတ်ပြန်ကြေညာခြင်း၊

(ဃ) အဆင့် (၄) လိုင်စင်ထုတ်ပေးခြင်း (licensing) တွင် အောက်ဖော်ပြပါ လုပ်ငန်းဖော်ဆောင်မှုများပါဝင်ပါသည်-

(၁) မိတ်ဖက်နိုင်ငံများအနေဖြင့် VPA တွင် သဘောတူထားသည့် TLAS အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) TLAS ဖော်ဆောင်နေစဉ်အတွင်း EU နှင့် မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်သော ပူးပေါင်းအကောင်အထည်ဖော်ရေးကော်မတီ (Joint Implementation Committee- JIC) ဖွဲ့စည်းပြီး ကြီးကြပ်၍ လိုအပ်သည်များ ပံ့ပိုးပေးခြင်း၊

(၃) FLEGT လိုင်စင်ထုတ်ပေးခြင်း (Issuance of FLEGT Licence) ၊

(၄) မိတ်ဖက်နိုင်ငံမှ EU သို့ သစ်တင်ပို့ရန် FLEGT လိုင်စင်ထုတ်ပေးခြင်းကို VPA ၌ ပါဝင်သည့် FLEGT လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ သဘောတူညီချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

**FLEGT VPA လုပ်ငန်းစဉ်မှ ရရှိနိုင်မည့်အကျိုးကျေးဇူးများ**

၁၀။ FLEGT VPA လုပ်ငန်းစဉ်အား အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသခံပြည်သူများအား ကိုယ်စားပြုသော အရပ်ဖက်လူမှုအဖွဲ့အစည်းကဏ္ဍတို့မှ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကဏ္ဍအလိုက် ရရှိနိုင်မည့်အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အစိုးရကဏ္ဍမှ ရရှိနိုင်မည့်အကျိုးကျေးဇူးများ

(၁) သစ်တောများ၏ လူမှုစီးပွားရေးနှင့် ဂေဟစနစ်တန်ဖိုးများကို ပြည်သူများ ပိုမိုနားလည်သဘောပေါက်လာခြင်းကြောင့် မှန်ကန်သော ပူးပေါင်းဆောင်ရွက်မှု ရရှိခြင်း၊

(၂) သစ်တောစီမံအုပ်ချုပ်မှုကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) တရားမဝင် သစ်ခိုးထုတ်မှုများနှင့် အကျင့်ပျက်ချစားမှုများ လျော့နည်းလာကာ နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိလာနိုင်ခြင်း၊

(၄) နိုင်ငံ၏ပုံရိပ် ပိုမိုကောင်းမွန်လာပြီး အစိုးရအပေါ် ပြည်သူလူထုမှ ယုံကြည်လေးစားလာစေခြင်း၊

(၅) နိုင်ငံတော်၏ လူမှုစီးပွားရေးကဏ္ဍများတွင် ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခြင်း။

(ခ) ပုဂ္ဂလိကကဏ္ဍမှ ရရှိနိုင်မည့်အကျိုးကျေးဇူးများ

(၁) ဈေးကောင်းပေးဝယ်ယူသော ခိုင်မာသည့် ဈေးကွက်များသို့ ဝင်ရောက်နိုင်ခြင်း၊

(၂) EU ဈေးကွက်သို့ တရားဝင်သစ်များ ရောင်းချခြင်းဖြင့် အကျိုးအမြတ် ပိုမိုရရှိနိုင်ခြင်း၊

(၃) တရားမဝင်သစ်များကြောင့် ဈေးကွက်အတွင်း ပြိုင်ဆိုင်မှု မညီမှုဖြစ်ခြင်းကို လျှော့ချနိုင်ခြင်း၊

(၄) အကြီးစားလုပ်ငန်းရှင်များနည်းတူ အလတ်စားနှင့် အသေးစားလုပ်ငန်းလုပ်ကိုင်သူများအတွက် တန်းတူအခွင့်အလမ်း ရရှိနိုင်ခြင်း၊

(၅) လာဘ်ပေးလာဘ်ယူမှုများ ပပျောက်နိုင်ရန် နည်းလမ်းများ ချမှတ်ကျင့်သုံးခြင်းဖြင့် မလိုလားအပ်သော ကုန်ကျစရိတ်များ သက်သာလာနိုင်ခြင်းနှင့် လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ လုပ်ဆောင်လာနိုင်ခြင်း။

(ဂ) အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍမှ ရရှိနိုင်မည့်အကျိုးကျေးဇူးများ

(၁) အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် တစ်ရပ်ချမှတ်ရာတွင် CSO များမှ ထုတ်ဖော်ပြောကြားခွင့်၊ ပါဝင်ခွင့် ရရှိလာနိုင်ခြင်း၊

(၂) ဒေသခံနှင့် ဌာနေတိုင်းရင်းသားများ၏ ရပိုင်ခွင့်များ ခိုင်မာစေရေး ပံ့ပိုးကူညီနိုင်ခြင်း၊

(၃) သစ်တောအသုံးပြုသူများ၏ ရပိုင်ခွင့်နှင့် တာဝန်များ ရှင်းရှင်းလင်းလင်း ရှိစေရန် တွန်းအားပေး ဆောင်ရွက်လာနိုင်ခြင်း၊

(၄) လက်ရှိ ကျင့်သုံးနေသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပိုမိုအားကောင်းလာအောင် ပံ့ပိုးဆောင်ရွက်နိုင်ခြင်း၊

(၅) သတင်းအချက်အလက်များ အလွယ်တကူရရှိနိုင်ခြင်း၊

(၆) သစ်တောကဏ္ဍဆိုင်ရာ အခွန်အခများကောက်ခံမှုနှင့် ပြန်လည်သုံးစွဲမှု ရှင်းရှင်းလင်းလင်း ရှိလာစေရန် တွန်းအားပေးဆောင်ရွက်လာနိုင်ခြင်း၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သစ်ထုတ်သည့်လုပ်ငန်းမှ ထောက်ပံ့ပေးရန် ဆောင်ရွက်ပေးနိုင်ခြင်း။

(ဃ) ဒေသခံပြည်သူများကဏ္ဍမှ ရရှိနိုင်မည့်အကျိုးကျေးဇူးများ

(၁) သစ်တောသယံဇာတ စီမံအုပ်ချုပ်မှုများတွင် ပါဝင်ခွင့်နှင့် ခွဲဝေသုံးစွဲခွင့် ရရှိလာနိုင်ခြင်း၊

(၂) သစ်တောများ ရေရှည်တည်တံ့ရန် ဆောင်ရွက်ရာတွင် ပြည်သူ့အသံများ ပိုမိုထုတ်ဖော်ပြော ကြားခွင့် တရားဝင် ရရှိလာနိုင်ခြင်း၊

(၃) လူထုအင်အားဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခွင့် ရရှိလာနိုင်ခြင်း၊

(၄) သစ်တောအပေါ်မှီခိုနေသော ဒေသခံတိုင်းရင်းသားများ၏ သိပိုင်ခွင့်၊ ရပိုင်ခွင့်များ ပိုမိုရရှိ ခံစားနိုင်ခြင်း၊

(၅) သစ်တောများ ကာကွယ်ထိန်းသိမ်းရာတွင် ပါဝင်ဆောင်ရွက်နိုင်ရန် စွမ်းအားပြည့်ဝသော လူမှုအဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာနိုင်ခြင်း၊

၁၁။ ၂၀၀၆ ခုနှစ်မှ လက်ရှိအချိန်ကာလအထိ ဥရောပသမဂ္ဂနှင့် သစ်တင်ပို့သည့်နိုင်ငံများအကြား ဆန္ဒအလျောက် မိတ်ဖက်အဖြစ် သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည့်နိုင်ငံများမှာ-

(က) ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်နိုင်ငံ။ ကွန်ဂို ဒီမိုခရက်တစ်ရီပါဘလစ် နိုင်ငံ၊ ဂါဘွန်နိုင်ငံ၊ ဂိုင်ယားနားနိုင်ငံ၊ ဟွန်ဒူးရက်စ်နိုင်ငံ၊ အိုင်ဗရီကို့စ်နိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ စုစုပေါင်း (၈) နိုင်ငံ၊

(ခ) ညှိနှိုင်းဆောင်ရွက်ပြီးနီးပါးဖြစ်သည့်နိုင်ငံ။ ကမရွန်းနိုင်ငံ၊ အာဖရိကအလယ်ပိုင်းနိုင်ငံ၊ ဂါနာနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ ကွန်ဂိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ၊ စုစုပေါင်း (၆) နိုင်ငံ၊

(ဂ) ညှိနှိုင်းဆောင်ရွက်ပြီး FLEGT လိုင်စင်ရရှိသည့်နိုင်ငံ။ အင်ဒိုနီးရှားနိုင်ငံ (၁)နိုင်ငံ၊

## ဥရောပသမဂ္ဂ သစ်တင်သွင်းခြင်းဆိုင်ရာစည်းမျဉ်း

၁၂။ ဥရောပသမဂ္ဂသည် အဖွဲ့ဝင်နိုင်ငံများအတွင်း တရားမဝင်သစ်များ ဝင်ရောက်လျက်ရှိခြင်းကို ဟန့်တားရန် ဥရောပသမဂ္ဂ သစ်တင်သွင်းခြင်းဆိုင်ရာစည်းမျဉ်း (European Union Timber Regulation- EUTR) ကို ၂၀၁၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် သက်ဝင်လက်ခံကျင့်သုံးပါသည်။ ပြည်သူပိုင်လုပ်ငန်းများအတွက် တရားဝင်ပစ္စည်းသာဝယ်ယူရမည့် မူဝါဒ (Public Procurement Policy) ချမှတ်ရန် အဖွဲ့ဝင်နိုင်ငံများအား တွန်းအားပေးဆောင်ရွက်ခဲ့ပါသည်။

၁၃။ ဥရောပသမဂ္ဂ သစ်တင်သွင်းခြင်းဆိုင်ရာစည်းမျဉ်းသည် တရားမဝင်ထုတ်လုပ်ထားသည့် သစ်များအား ဥရောပသို့ တင်ပို့မှုကို တားမြစ်ခြင်း၊ ဥရောပသမဂ္ဂသို့ သစ်တင်သွင်းသူများသည် တရားမဝင်သစ်ထွက်ပစ္စည်းများ ရောင်းချခြင်းအား ရှောင်ရှားနိုင်ရန်အတွက် "Due Diligence" (လိုအပ်သော သတင်းအချက်အလက်များ တင်ပြခြင်းဆိုင်ရာ လုပ်ငန်းစဉ်အား) အထူးဂရုစိုက်ဖော်ဆောင်ရန် လိုအပ်ခြင်းနှင့် VPA လိုင်စင်ရသစ်များသည် "Due-diligence" စနစ်ပါ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးသည်ဟု အသိအမှတ်ပြုခြင်းတို့ပါဝင်ပါသည်။

၁၄။ "Due Diligence" (လိုအပ်သော သတင်းအချက်အလက်များ တင်ပြခြင်းဆိုင်ရာ လုပ်ငန်းစဉ်) တွင် တင်သွင်းသူဆိုင်ရာအချက်အလက်များ၊ တင်သွင်းမည့်ပစ္စည်းများ၏အချက်အလက်များ၊ ထုတ်လုပ်မှုဆိုင်ရာအချက်အလက်များနှင့် တရားဝင်မှုအပေါ်အထောက်အထားများ (information on supplies) ၊ သတင်းအချက်အလက်ပေါ်မူတည်၍ တရားမဝင်ထောက်ပံ့မှု အန္တရာယ်ဖြစ်နိုင်ချေအား အကဲဖြတ်ခြင်း (assessment of risk that a supply is illegal, based on information)၊ အန္တရာယ်ဖြစ်နိုင်ချေ လျှော့ပါးစေရန် ဆောင်ရွက်ခြင်း(measures to mitigate risk, if risk is not negligible)တို့ပါဝင်ပါသည်။

# အပိုင်း(၂)

# မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်သည့် သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆန္ဒအလျောက် မိတ်ဖက်အဖြစ် သဘောတူညီမှု (EU-Myanmar FLEGT VPA) လုပ်ငန်းစဉ် ဆောင်ရွက်မှုအခြေအနေ

## မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေ

၁၅။ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၁၉၉၀ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၅၇.၉၇ရာခိုင်နှုန်း၊ ၂၀၀၀ ခုနှစ်တွင် ၅၁.၅၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ၄၉.၂၅ ရာခိုင်နှုန်း၊ ၂၀၁၀ခုနှစ်တွင် ၄၆.၉၆ ရာခိုင်နှုန်း အသီးသီးရှိခဲ့ရာမှ FAO ၏ FRA 2015 စာရင်းအရ နိုင်ငံဧရိယာ၏ ၄၂.၉၂ ရာခိုင်နှုန်းရှိပြီး ရွက်အုပ်ပိတ်တော ၂၁.၅၆ ရာခိုင်နှုန်းနှင့် ရွက်အုပ်ပွင့်တော ၂၁.၃၆ ရာခိုင်နှုန်း ရှိပါသည်။ နှစ်စဉ် ပျမ်းမျှသစ်တောပြုန်းတီးမှုသည် FRA 2015 စာရင်းအရ ၂၀၀၅ ခုနှစ်မှ၂၀၁၀ ခုနှစ်အတွင်း နိုင်ငံဧရိယာ၏ ၁.၇၂ ရာခိုင်နှုန်း သို့မဟုတ် ၁,၃၄၈,၆၂၀ ဧက ရှိနေပါသည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ အရပ်ရပ်ကြောင့် သစ်တောသယံဇာတများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ သစ်တောဖုံးလွှမ်းသော နိုင်ငံများအနက် သစ်တောပြုန်းတီးမှု တတိယအများဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရပါသည်။

## သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်မှု

၁၆။ ၁၈၅၆ ခုနှစ်၊ မြန်မာနိုင်ငံသို့ ဂျာမန်လူမျိုး ရုက္ခဗေဒပညာရှင် Dr. Dietrich Brandis ရောက်ရှိလာချိန်မှစ၍ သဘာဝသစ်တောများကို သိပ္ပံနည်းကျ စတင်စီမံအုပ်ချုပ်ခဲ့ပါသည်။ ထို့နောက် မြန်မာ့သစ်တောများကို ထာဝစဉ်တည်တံ့စေရန်နှင့် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် ပထမဆုံး သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ပဲခူးရိုးမကျွန်းတောများအတွက် ရေးဆွဲခဲ့ပါသည်။ ၁၈၈၁ ခုနှစ်တွင် မြန်မာ့ရွေးချယ်နည်းစနစ် (Myanmar Selection System-MSS) ကို စတင်ကျင့်သုံးခဲ့ပြီး ၁၉၂၀ ခုနှစ်တွင် သစ်တောခရိုင်အများစု၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြန်မာ့ရွေးချယ်နည်းစနစ်အရ ရောင်းတန်းဝင် ကန့်သတ်ရင်စို့လုံးပတ် ပြည့်မီသော သစ်ပင်များကို ခုတ်လှဲထုတ်ယူသကဲ့သို့ အနာဂတ်မျိုးဆက်ပင်များကို တိုင်းတာစာရင်းကောက်ယူခြင်းနှင့် လိုအပ်သည့် သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါသည်။

၁၇။ သစ်တောသယံဇာတများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောများမှ တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးကျေးဇူးများကို အပြည့်အဝခံစားနိုင်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဂေဟစနစ် ညီညွတ်မျှတစေရေးတို့အတွက် မြန်မာ့သစ်တောမူဝါဒနှင့်အညီ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ထိ)၊ သစ်တောကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဘက်စုံစီမံကိန်း (၂၀၁၁ - ၂၀၁၂ မှ ၂၀၃၀ - ၂၀၃၁ ထိ)၊ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းစီမံချက် (၂၀၁၅-၂၀၂၀) များအား ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအခြေခံယူနစ်ဖြစ်သည့် သစ်တောခရိုင်အလိုက်

သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများကို ၁၉၉၆-၉၇ ခုနှစ်မှစတင်၍ (၁၀)နှစ်တစ်ကြိမ် ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၆-၁၇ ခုနှစ်မှ ၂၀၂၅-၂၆ ခုနှစ်အထိ တတိယအကြိမ် (၁၀)နှစ် စီမံကိန်းများအား ရေးဆွဲပြီး အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောစီမံအုပ်ချုပ်မှုနှင့် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သည့် ကျွန်းသင်းသတ်ခြင်း၊ ကျွန်းစိုပင်ထောင်ရိုက်မှတ်ခြင်း၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း၊ ဓမ္မတာမျိုးဆက်ဆောင်ရွက်ပေးခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ နွယ်ဖြတ်ညှောင်ပတ်လှဲခြင်း၊ သဘာဝတောတန်ဖိုးမြင့်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ ပင်ပူးခွာကိုင်းချိုင်ရှင်းလင်းခြင်း၊ မီးကာကွယ်ခြင်း၊ သစ်တောလမ်းပြင်ဆင်ခြင်း၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း၊ ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။

၁၈။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ထာဝစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုစနစ်ကို အပြည့်အဝ လိုက်နာကျင့်သုံးဖော်ဆောင်နိုင်မှု မရှိခြင်း၊ သစ်ထုတ်ယူရာတွင် သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျ ထုတ်လုပ်မှုမရှိခြင်း၊ လုံခြုံရေး အကန့်အသတ်များကြောင့် သစ်တောဧရိယာအနှံ့ ရောက်ရှိစစ်ဆေးနိုင်မှု မရှိခြင်း၊ နှစ်စဉ်ပုံမှန်တောထွက်ပမာဏ (Annual Allowable Cuts-AACs) ထက် ကျော်လွန်၍ အလွန်အကျွံ သစ်ခုတ်လှဲထုတ်ယူခြင်းတို့ကြောင့် သဘာဝတောများအတွင်းရှိ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် အခြားအဖိုးတန်သစ်မျိုးများ ပါဝင်မှုလျော့နည်းလာပြီး သစ်တောတန်ဖိုးကျဆင်းကာ သစ်တောအတန်းအစားလည်း ကျဆင်းခဲ့ရပါသည်။

**သစ်တောများ ပျက်စီးဆုံးရှုံးရခြင်း အကြောင်းအရင်းနှင့် အကျိုးသက်ရောက်မှုများ**

၁၉။ မြန်မာနိုင်ငံအတွင်း သစ်တောများပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများမှာ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) **တိုက်ရိုက်အကြောင်းတရားများ။** သစ်အလွန်အကျွံထုတ်ယူခြင်း၊ တရားမဝင်သစ်ထုတ်ခြင်း၊ ထင်းမီးသွေးလောင်စာ အလွန်အကျွံထုတ်ယူခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ သစ်တောဖုန်းလွှမ်းလျှက်ရှိသော ဧရိယာများအား မြေအသုံးချမှု ပြောင်းလဲခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ မြေပေါ်မြေအောက် သယံဇာတတူးဖော်ခြင်း၊ ဆည်တည်ဆောက်ခြင်း၊ မြို့ပြနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ခြင်း၊ ဒီရေတောများတွင် ငါး၊ ပုဇွန် မွေးမြူရေးကန်များ တိုးချဲ့ခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း(တောမီး၊ မုန်တိုင်း၊ ရေကြီးရေလျှံ၊ ပိုးမွှားရောဂါ၊ မြေပြိုခြင်း စသည်)၊

(ခ) **သွယ်ဝိုက်သောအကြောင်းတရားများ။** အကျင့်ပျက်ခြစားခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ သစ်တောထွက်ပစ္စည်းများ ဈေးကွက်လိုအပ်ချက် မြင့်မားခြင်း၊ တိကျသော မြေအသုံးချမှု မူဝါဒ မရှိခဲ့ခြင်း၊ သဘာဝအရင်း

အမြစ်များအား စီမံခန့်ခွဲခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းများ အားနည်းခြင်း၊ ရန်ပုံငွေ မလုံလောက်ခြင်း၊ ဥပဒေ အကျိုးသက်ရောက်မှု အားနည်းခြင်း၊ လူဦးရေ တိုးပွားလာခြင်း၊ ဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်း၊

၂၀။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာအရ နိုင်ငံလူဦးရေ ၅၁,၄၈၆,၂၅၃ ဦး သို့မဟုတ် အိမ်ထောင်စု ၁၀,၈၇၇,၈၃၂ စုရှိသည့်အနက် မြို့ပြနေလူဦးရေ ၂၉.၆ ရာခိုင်နှုန်း ၁၅.၂၄ သန်းနှင့် ကျေးလက်နေလူဦးရေ ၇၀.၄ ရာခိုင်နှုန်း ၃၆.၂၅ သန်း ရှိပါသည်။ လောင်စာသုံးစွဲမှုအနေဖြင့် နိုင်ငံအိမ်ထောင်စု ၈၁ ရာခိုင်နှုန်းသည် ထင်း၊ မီးသွေးနှင့် လောင်စာတောင့်များကို အသုံးပြုပါသည်။ မြို့ပြရှိ အိမ်ထောင်စု ၅၂ ရာခိုင်နှုန်းခန့်သည် ထင်း၊ မီးသွေးနှင့် လောင်စာတောင့်၊ ကျေးလက်ရှိ အိမ်ထောင်စု ၈၆ ရာခိုင်နှုန်းခန့်သည် ထင်း၊ မီးသွေးကို အသုံးပြုကြပါသည်။

၂၁။ ခေတ်မီ စက်ပစ္စည်းကရိယာ၊ နည်းပညာနှင့် ကျွမ်းကျင်လုပ်သား အားနည်းမှု၊ လျှပ်စစ်/ဂက်စ်စသည့် စွမ်းအင် မလုံလောက်မှု၊ အစားထိုးလောင်စာသုံးစွဲရန် အားနည်းမှုများကြောင့် စက်မှုလုပ်ငန်းများနှင့် စီးပွားဖြစ် ထုတ်ကုန်လုပ်ငန်းများတွင် ထင်းနှင့်မီးသွေးသုံးစွဲမှု ပမာဏသည်လည်း များစွာမြင့်မားလျှက်ရှိပါသည်။

၂၂။ ပြည်တွင်း အသုံးပြုခြင်းနှင့် ပြည်ပတင်ပို့ခြင်းအတွက် သစ်ကုန်ကြမ်းများ လိုအပ်ချက်အပေါ် နှစ်စဉ်လိုအပ်သော ခန့်မှန်းသစ်တန်ပမာဏ တွက်ချက်မှု၍ ဖြည့်ဆည်းနိုင်မည့် နည်းလမ်းများအား ကြိုတင်ဖော်ထုတ် စီမံနိုင်မှု၊ သစ်အစား အခြားအစားထိုးပစ္စည်း သုံးစွဲမှုရန် ဆွဲဆောင်နိုင်မှု၊ အများပိုင်လုပ်ငန်းများအတွက် တရားဝင်ပစ္စည်းသာ ဝယ်ယူရမည့် မူဝါဒ (Public Procurement Policy) ချမှတ်နိုင်မှုများ မရှိသေးကြောင်းတွေ့ရှိရပါသည်။

၂၃။ သစ်တောများ ပျက်စီးပြုန်းတီးခြင်းနှင့် အတန်းအစားကျဆင်းမှုကြောင့် အကျိုးဆက်များအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လာပြီး သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို ရင်ဆိုင်နေကြရပါသည်။ တရားမဝင်သစ်ထုတ်လုပ်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ ဝင်ငွေထိခိုက်နစ်နာသည့်အပြင် လူမှုစီးပွားရေးကိစ္စများကိုပါ ထိခိုက်လာပြီး နိုင်ငံအတွင်း အကျင့်ပျက်ခြစားမှုများ ဖြစ်ပေါ်လာစေပါသည်။ တရားဝင်လုပ်ကိုင်နေကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်လည်း စီးပွားရေး မတည်ငြိမ်မှုများ၊ ရင်းနှီးမြှုပ်နှံရန် မသေချာမှုများ၊ အခြား မလိုလားအပ်သော ဆုံးရှုံးနစ်နာမှုများ ခံစားနေကြရပါသည်။

၂၄။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွား လုံခြုံစိတ်ချရရေးနှင့် စဉ်ဆက်မပြတ် ညီညွတ်မျှတသော သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲနိုင်ရေးတို့ကို အထောက်အပံ့ဖြစ်စေသည့် **ထာဝစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုစနစ် (Sustainable Forest Management – SFM)** ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဥရောပသမဂ္ဂ အစီအစဉ်ဖြစ်သည့်

သစ်တောဥပဒေ စိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆန္ဒအလျောက် မိတ်ဖက်အဖြစ် သဘောတူညီမှု (FLEGT VPA) လုပ်ငန်းစဉ်အား မြန်မာနိုင်ငံတွင် လုပ်ဆောင်ရန် လိုအပ်လာခြင်း ဖြစ်ပါသည်။

## FLEGT VPA လုပ်ငန်းစဉ်အစပြုခြင်း

၂၅။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် **Workshop on FLEGT Action Plan; Challenges and opportunities for the forestry sector in Myanmar** ကို ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ထောက်ခံတင်ပြချက်အရ FLEGT VPA လုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လိုကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၆.၁၁.၂၀၁၃ ရက်စွဲပါစာအမှတ် 1/EU-FLEGT 6459/2013 ဖြင့် ဥရောပသမဂ္ဂသို့ အကြောင်းကြားခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် FLEGT လုပ်ငန်းစဉ်များအား ကြိုတင်ပြင်ဆင်သည့်အဆင့်မှစတင်၍ ပါဝင်ညှိနှိုင်းဆောင်ရွက်နိုင်ပါရန် ဥရောပသမဂ္ဂ၊ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ရုံး၏ ၆.၃.၂၀၁၄ ရက်စွဲပါ email ဖြင့် ပြန်လည်အကြောင်းကြားလာပါသည်။

၂၆။ ထို့နောက် မြန်မာနိုင်ငံတွင် FLEGT VPA လုပ်ငန်းစဉ် စတင်နိုင်ရန်အတွက် သစ်တောဦးစီးဌာနနှင့် ဥရောပသမဂ္ဂ၊ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ရုံးတို့သည် အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ဥရောပကော်မရှင်နှင့် သစ်တောဦးစီးဌာနတို့အကြား ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ဥရောပကော်မရှင်၊ ပတ်ဝန်းကျင်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ဦးဆောင်ကာ ဥရောပသမဂ္ဂ သစ်တောဆိုင်ရာအဖွဲ့ (European Forest Institute- EFI) မှ ကျွမ်းကျင်သူများ အဖွဲ့သည် သစ်တောဦးစီးဌာနသို့ လာရောက်တွေ့ဆုံဆွေးနွေးကာ ကြိုတင်ပြင်ဆင်သည့်အဆင့် စတင်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။

## ကြိုတင်ပြင်ဆင်သည့်အဆင့် လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

၂၇။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် **ကြိုတင်ပြင်ဆင်သည့်အဆင့် လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ (Inception Workshop on EU-Myanmar FLEGT VPA preparation phase)** အား နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ EU ၊ EFI နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြပါသည်။

၂၈။ အလုပ်ရုံဆွေးနွေးပွဲရလဒ်များမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

(က) FLEGT VPA လုပ်ငန်းစဉ်တွင်ပါဝင်သင့်သည့် Stakeholder များအား စတင်ဆွေးနွေးဖေါ်ထုတ်ခြင်း၊

(ခ) Stakeholder များ၏ FLEGT VPA လုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလိုသည့်မျှော်လင့်ချက်များ၊ အကျိုးအမြတ်နှင့် စိန်ခေါ်မှုများနှင့် ပါဝင်ဆောင်ရွက်မည့် နည်းလမ်းများအား စတင်ဆွေးနွေး ဖေါ်ထုတ်ခြင်း၊

(ဂ) VPA လုပ်ငန်းစဉ် ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့် ဖွဲ့စည်းပုံများအား စတင်ဆွေးနွေးနိုင်ခဲ့ခြင်း၊

(ဃ) FLEGT VPA လုပ်ငန်းစဉ်နှင့်ဆက်စပ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအား စတင်ဖေါ်ထုတ်နိုင်ခဲ့ခြင်း၊

(င) ကြိုတင်ပြင်ဆင်သည့်အဆင့်လုပ်ငန်းစီမံချက်မူကြမ်းအားရေးဆွဲခြင်း၊

(စ) စွမ်းဆောင်ရည်တည်ဆောက်ရန်လိုအပ်မှုများအား ကနဦးအကဲဖြတ်ခြင်းနှင့်

(ဆ) ကြားဖြတ်လုပ်ငန်းအဖွဲ့ကို အစိုးရဌာန၊ ပုဂ္ဂလိကနှင့်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အရေအတွက်တူညီစွာ ဖွဲ့စည်းပြီး အောက်ဖေါ်ပြပါလုပ်ငန်းများ လုပ်ဆောင်ရန် သဘောတူခဲ့ကြပါသည်-

(၁) ကြိုတင်ပြင်ဆင်သည့်အဆင့်လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲရန်၊

(၂) စီမံချက်ပါလုပ်ငန်းများအား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group- MSG) မဖွဲ့မီအချိန်အထိ အကောင်အထည်ဖေါ်ဆောင်ရွက်ရန်၊

(၃) MSG ဖြစ်ပေါ်လာရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

၂၉။ အလုပ်ရုံဆွေးနွေးပွဲမှ အဓိကလုပ်ငန်းကြီး ၅ ခုပါဝင်သော လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲခဲ့ပါသည်-

(၁) နိုင်ငံအဆင့် အကျိုးဆက်စပ်ပတ်သက်သူအားလုံးပါဝင်သော လုပ်ငန်းစဉ်တစ်ရပ်ဖေါ်ဆောင်ရန် ၊

(၂) အကျိုးဆက်စပ်ပတ်သက်သူများအား FLEGT VPA လုပ်ငန်းစဉ် ဆောင်ရွက်နေမှုအပေါ် အပြန်အလှန် အသိပေးခြင်းနှင့် ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်မည့်နည်း လမ်းများ ချမှတ်ခြင်း ၊

(၃) FLEGT နှင့် သက်ဆိုင်သည့် လေ့လာမှုများ သုတေသနများ ဆောင်ရွက်ခြင်း၊ စီမံခြင်း၊ ညှိနှိုင်းခြင်း၊

(၄) FLEGT နှင့်ဆက်စပ်ဆောင်ရွက်နိုင်မည့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် စီစဉ်ထားသည့် လုပ်ငန်းစဉ်များနှင့် ဆက်စပ်ဆောင်ရွက်ခြင်း၊

(၅) အကျိုးဆက်စပ်ပတ်သက်သူများအား လိုအပ်သောစွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း၊

## FLEGT VPA လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ

၃၀။ မြန်မာနိုင်ငံသည် အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါသည်–

(က) တရားမဝင်သစ်နှင့် ဆက်စပ်ကုန်သွယ်မှုအား တိုက်ဖျက်ရန်၊

( ခ) သစ်တောစီမံအုပ်ချုပ်မှုအားကောင်းလာစေရန်နှင့် ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှုအား ရရှိလာစေရန်၊

( ဂ) မြန်မာနိုင်ငံမှသစ်များ ဥရောပသမဂ္ဂသို့ တရားဝင်တင်ပို့ရန် တို့ဖြစ်ပါသည်။

## ကြားဖြတ်လုပ်ငန်းအဖွဲ့ (Intreim Task Force – ITF) ဖွဲ့စည်းခြင်း

၃၁။ အလုပ်ရုံဆွေးနွေးပွဲရလဒ်အနေဖြင့် FLEGT VPA ကြိုတင်ပြင်ဆင်သည့်အဆင့်လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ဆက်စပ်ပတ်သက်သူများပါဝင်သော (Mulit-stakeholder Group- MSG) မဖွဲ့စည်းမီ အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်(၈)ဦးစီဖြင့် ကြားဖြတ်လုပ်ငန်းအဖွဲ့ (Interim Task Force-ITF)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၁.၈.၂၀၁၅ ရက်စွဲပါ စာအမှတ် ၃(၁)/၀၁(ခ)/၃(၃၀)/(၂၀၄၉/၂၀၁၅) ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ကြားဖြတ်လုပ်ငန်းအဖွဲ့ဝင် ကဏ္ဍအလိုက် ကိုယ်စားလှယ်များ ပြောင်းလဲမှုများ ရှိခဲ့သည့်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၇.၄.၂၀၁၇ ရက်စွဲပါ စာအမှတ် (သစ်တော)၃/၀၄(FLEGT)(၁၂၈၁/၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့ စည်းခဲ့ပါသည်။ ကြားဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စာလှယ်များ စာရင်းအား နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြအပ်ပါသည်။

၃၂။ ကြားဖြတ်လုပ်ငန်းအဖွဲ့တွင် အောက်ဖော်ပြပါလုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကိုလည်း ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါသည်-

(က) ဝန်ထမ်းရွေးချယ်ရေးနှင့် တာဝန်နှင့်ဝတ္တရားများရေးဆွဲရေး လုပ်ငန်းအဖွဲ့

( ခ) ဘဏ္ဍာရေး လုပ်ငန်းအဖွဲ့

( ဂ) လုပ်ငန်းစီမံချက်ရေးဆွဲရေး လုပ်ငန်းအဖွဲ့

(ဃ) ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် စီမံကိန်းအဆိုပြုလွှာခေါ်ယူခြင်း စိစစ်ရေးကော်မတီ

( င) ဆက်သွယ်ရေး လုပ်ငန်းအဖွဲ့

## ကြားဖြတ်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ

## အစည်းအဝေးများကျင်းပခြင်းနှင့် လုပ်ငန်းစီမံချက်၊ တာဝန်နှင့်ဝတ္တရားများရေးဆွဲအတည်ပြုခြင်း

၃၃။ ကြားဖြတ်လုပ်ငန်းအဖွဲ့ အစည်းအဝေးအား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွင်း (၂၈) ကြိမ်ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။

၃၄။ ကြားဖြတ်လုပ်ငန်းအဖွဲ့သည်

(က) ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းစီမံချက်အား ရေးဆွဲအတည်ပြုခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ပြီးစီးမှုပေါ်မူတည်၍ ပြန်လည်ပြင်ဆင်ခြင်း၊

(ခ) ကြားဖြတ်လုပ်ငန်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအား ရေးဆွဲအတည်ပြုခြင်း၊

(ဂ) ကြားဖြတ်လုပ်ငန်းအဖွဲ့ အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် တာဝန်များအား ရေးဆွဲခြင်း၊

(ဃ) အစည်းအဝေးများတွင် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များအား ရေးဆွဲခြင်း၊

(င) FLEGT အတွင်းရေးမှူးရုံးအဖွဲ့၏ တာဝန်ဝတ္တရားများအား ရေးဆွဲခြင်း၊

(စ) အမျိုးသားအဆင့် FLEGT သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ (မူကြမ်း) ရေးဆွဲအတည်ပြုခြင်း၊

(ဆ) နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် FLEGT သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ (မူကြမ်း) ရေးဆွဲအတည်ပြုခြင်း၊

(ဇ) စေ့စပ်ဆွေးနွေးဆိုင်ရာ အဆိုပြုလမ်းပြမြေပုံ (မူကြမ်း) ရေးဆွဲခြင်း၊

(ဈ) ဗဟုသုတဖြန့်ဝေခြင်းဆိုင်ရာ စာအုပ်များထုတ်ဝေခြင်း၊ FLEGT Visibility Material များပြုလုပ်ခြင်း၊ Website တည်ထောင်ခြင်း၊ FLEGT Documentary Film ရိုက်ကူးခြင်း၊

(ည) EU-Myanmar FLEGT Logo ရွေးချယ်ခြင်း၊

(ဋ) FLEGT VPA လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သင့်သည့် Stakeholder များအား ကနဦးဖော်ထုတ်ရန် Stakeholder Mapping Exercise အား National Consultant (စကားဝါကျွမ်းကျင်သူအဖွဲ့) ငှားရမ်း၍ဆောင်ရွက်ခဲ့ပြီး ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ခြင်း၊

(ဌ) FLEGT လိုင်စင် မရရှိမီကာလအတွင်း လတ်တလောဖြေရှင်းဆောင်ရွက်မှုများ (Interim Measure) ဆွေးနွေးဖော်ထုတ်ခြင်း၊

(ဍ) ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဏ) စီမံကိန်းအဆိုပြုလွှာရေးသားခြင်းဆိုင်ရာ သင်တန်းပေးခြင်း၊ ငွေစာရင်းစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းပေးခြင်း၊

(တ) FLEGT နှင့်ပတ်သက်သော အသိအမြင်ဖွင့် သင်တန်းများ၊ လေ့လာ စောင့်ကြည့်မှုဆိုင်ရာ နည်းစနစ်များအား ကျေးရွာအဆင့်အထိ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များအတွက် ဆရာဖြစ်သင်တန်းပေးခြင်း၊

## FLEGT VPA လုပ်ငန်းစဉ်အား ရှင်းလင်းဆွေးနွေးခြင်း

၃၅။ ကြားဖြတ်လုပ်ငန်းအဖွဲ့သည် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း၊ တော်ဝင်ခန်းမ၌ မြန်မာ့သစ်လုပ်ငန်းမှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ ဆက်စပ်ဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များအား ရှင်းလင်းဆွေးနွေးခြင်း၊

(ခ) ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အငြင်းပွားမှုများအား စီမံခန့်ခွဲသည့် (၁)ရက် ကြာ အလုပ်ရုံဆွေးနွေးပွဲအား အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းကဏ္ဍနှင့် ကြားဖြတ်လုပ်ငန်းအဖွဲ့တို့အား တစ်ရက်စီဖြင့် (၄)ကြိမ် ကျင်းပခြင်း၊

(ဂ) ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဇူလိုင်လတွင် ကုန်သွယ်ရေးဦးစီးဌာနများသို့ သွားရောက်ရှင်းလင်းဆွေးနွေးတင်ပြခြင်း၊

(ဃ) ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်း၊

(င) ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ သယံဇာတရေးရာကော်မတီအဖွဲ့ဝင်များသို့ ရှင်းလင်းတင်ပြခြင်း၊

## ပြည်ပလေ့လာရေးခရီးသွားရောက်ခြင်း

၃၆။ ကြားဖြတ်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်အချို့သည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် အင်ဒိုနီးရှားနိုင်ငံ သစ်တောကဏ္ဍနှင့်ပတ်သက်သည့် Small and Medium Enterprise-SME များနှင့် အင်ဒိုနီးရှားနိုင်ငံ Timber Legality Assurance System- TLAS အကောင်အထည်ဖော်ဆောင်ရွက်မှုအားလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ မေလတွင် ဖိလစ်ပိုင်နိုင်ငံသို့ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာများအားလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် ဘရပ်ဆဲလ်နိုင်ငံတွင် ကျင်းပပြုလုပ်သော

သစ်တောပျက်စီးပြုန်းတီးမှုနှင့် တရားမဝင်သစ်ထုတ်လုပ်မှုတိုက်ဖျက်ရေးညီလာခံသို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြပါသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ဇွန်လတွင် ကြားဖြတ်လုပ်ငန်းအဖွဲ့နှင့် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွန့်ပေါင်း အဖွဲ့ ကိုယ်စားလှယ်များ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ သစ်တင်ပို့လျှက်ရှိသည့် သစ်လုပ်ငန်းရှင်များနှင့် Palladium Myanmar ကိုယ်စားလှယ်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Belgium နိုင်ငံ Brussels မြို့သို့ သွားရောက်ကာ FLEGT EUTR Expert Group၊ Competent Authority၊ DG Environment မှတာဝန်ရှိသူများ၊ DFID၊ EIA representatives၊ EU Operators၊ NEPCon တို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲနှင့် အစည်းအဝေးများ ကျင်းပနိုင်ခဲ့ခြင်းကြောင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်-

(က) မြန်မာနိုင်ငံ၏ သစ်နောက်ကြောင်းပြန် လိုက်နိုင်ရေးနှင့် သစ်လွှဲပြောင်းပိုင်ဆိုင်မှု ကွင်းဆက် ခိုင်မာရေးအတွက် လက်ရှိဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းဆွေးနွေးနိုင်ခြင်း၊

(ခ) မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FLEGT VPA လုပ်ငန်းစဉ် ဖော်ဆောင်နိုင်မှု၊ တိုးတက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးနိုင်ခြင်း၊

(ဂ) တရားဝင်သစ် အဓိပ္ပါယ် ဖွင့်ဆိုမှု၊ အကျိုးဆက်စပ်ပတ်သက်သူများ ပါဝင်ခွင့်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၊ အခက်အခဲနှင့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများ ရှင်းလင်းဆွေးနွေးနိုင်ခြင်း၊

(ဃ) မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့်အတူ ကဏ္ဍပေါင်းစုံ ပြောင်းလဲမှုဖြစ်စဉ်တွင် မြန်မာနိုင်ငံ၏ ထာဝစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုကို အထောက်အပံ့ဖြစ်စေသည့် သစ်တောကဏ္ဍပြုပြင်ပြောင်းလဲမှု အခြေအနေများ၊ တိုးတက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးနိုင်ခြင်း၊

(င) လက်တွေ့ရင်ဆိုင်နေရသည့် ဥရောပသမဂ္ဂသို့ သစ်တင်သွင်းမှုဆိုင်ရာ ပြဿနာများအား ဆွေးနွေးနိုင်ခြင်း၊

(စ) မြန်မာနိုင်ငံ သစ်တောထောက်ခံချက်ပြုရေး လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် ဖော်ဆောင်မှုများနှင့် လွတ်လပ်သော တတိယအဖွဲ့အစည်း ထောက်ခံချက်ပြုရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးနိုင်ခြင်း၊

(ဆ) အနာဂတ်တွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည့် ကောင်းမွန်သော ဆက်သွယ်ရေး လမ်းကြောင်းဖြစ်ထွန်းလာခြင်းဖြင့် ယုံကြည်မှုတည်ဆောက်နိုင်မည့် အခွင့်ကောင်းများ ဖန်တီးနိုင်ခြင်း၊

## Myanmar-EU FLEGT အတွင်းရေးမှူးရုံး ဖွင့်လှစ်ခြင်း

၃၇။ FLEGT VPA လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြားဖြတ်လုပ်ငန်းအဖွဲ့၊ ယင်းကို ဆက်လက်ဆောင်ရွက်မည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ငယ်များက တတ်နိုင်သမျှ ထိရောက်အကျိုးရှိစွာ လုပ်ငန်းဆောင်ရွက်နိုင်ရေးနှင့် ထောက်ပံ့ကူညီပေးနိုင်ရေးတို့အတွက် FLEGT အတွင်းရေးမှူးရုံးအဖွဲ့တစ်ဖွဲ့ လိုအပ်ကြောင်းကို အသိအမှတ်ပြုထားပြီးဖြစ်သဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် မန်နေဂျာ၊ လက်ထောက်မန်နေဂျာ၊ ငွေစာရင်းအရာရှိ၊ လက်ထောက်ငွေစာရင်းအရာရှိနှင့် ဆက်သွယ်ရေးအရာရှိတို့ ခန့်အပ်၍ အတွင်းရေးမှူးရုံးအဖွဲ့ စတင်ဖွဲ့စည်းခဲ့ပါသည်။ Myanmar-EU FLEGT အတွင်းရေးမှူးရုံးအား အမှတ်(၅၃)၊ ကျိုင်းတုံလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၌ ၉-၆-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်များသို့သွားရောက်၍ FLEGT VPA လုပ်ငန်းစဉ်ဆိုင်ရာ ရှင်းလင်းတင်ပြခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း

၃၈။ ကြားဖြတ်လုပ်ငန်းအဖွဲ့သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ (၈) လတာကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ် (၁၄) ခုသို့ သွားရောက်၍ FLEGT VPA လုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံ၏ FLEGT VPA အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများအား ပထမနေ့တွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် တို့ထံ ရှင်းလင်းတင်ပြခြင်းနှင့် ဒုတိယနေ့တွင် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများစသည့် အကျိုးဆက်စပ်ပတ်သက်သူများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် FLEGT VPA လုပ်ငန်းစဉ်တွင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဆက်စပ်ပတ်သက်သူများအား Forest Law Enforcement, Governance and Trade (FLEGT)နှင့်ပတ်သက်သည့်အခြေခံအချက်အလက်သဘောတရားများကို မိတ်ဆက်ပေးရန်၊

(ဂ) မြန်မာနိုင်ငံတွင် FLEGT Voluntary Partnership Agreement (VPA) အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများကို တင်ပြရန်၊

(ဃ) တိုင်းဒေသကြီး/ပြည်နယ်အတွင်း သစ်တောများနှင့်ပတ်သက်သည့် ကိစ္စရပ်များနှင့် FLEGT အကောင်အထည်ဖော်ရာတွင် ကြုံတွေ့လာနိုင်သည့် အခြေအနေများကို သက်ဆိုင်ရာ အစိုးရအဖွဲ့၊ လွှတ်တော်၊ အကျိုးတူဆက်စပ်ပတ်သက်သူများနှင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေးရန်၊

(င) FLEGT လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံတွင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ထာဝစဉ်တည်တံ့စေမည့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ် (Sustainable Forest Management–SFM) ကို အထောက်အကူပြုနိုင်ရန်တို့ဖြစ်ပါသည်။

၃၉။ FLEGT VPA လုပ်ငန်းစဉ် ရှင်းလင်းတင်ပြခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းတို့အား တစ်ဖက်ပါအတိုင်းဆောင်ရွက်နိုင်ခဲ့ပါသည်–

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဆောင်ရွက်ချက် | နေ့ရက် |
|---|---|---|---|
| ၁ | တနင်္သာရီ | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၁၆-၁၂-၂၀၁၆ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၁၇-၁၂-၂၀၁၆ |
| ၂ | စစ်ကိုင်း | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၂၁-၁၂-၂၀၁၆ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၂၂-၁၂-၂၀၁၆ |
| ၃ | ကရင် | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၁၆-၁-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၁၇-၁-၂၀၁၇ |
| ၄ | မွန် | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၁၉-၁-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၂၀-၁-၂၀၁၇ |
| ၅ | မန္တလေး | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၁၄-၂-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၁၅-၂-၂၀၁၇ |
| ၆ | ပဲခူး | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၁၆-၂-၂၀၁၇ |

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဆောင်ရွက်ချက် | နေ့ရက် |
|---|---|---|---|
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၁၇-၂-၂၀၁၇ |
| ၇ | မကွေး | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၉-၃-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၁၀-၃-၂၀၁၇ |
| ၈ | ဧရာဝတီ | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၂၀-၃-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၂၁-၃-၂၀၁၇ |
| ၉ | ချင်း | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၃၀-၃-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၃၁-၃-၂၀၁၇ |
| ၁၀ | ရခိုင် | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၂၉-၅-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၃၀-၅-၂၀၁၇ |
| ၁၁ | ကချင် | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၃၀-၅-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၃၁-၅-၂၀၁၇ |
| ၁၂ | ကယား | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၂၈-၆-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၂၉-၆-၂၀၁၇ |
| ၁၃ | ရှမ်း | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၂၉-၆-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၃၀-၆-၂၀၁၇ |
| ၁၄ | ရန်ကုန် | အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း | ၂၄-၇-၂၀၁၇ |
| | | အစိုးရ/လွှတ်တော်/ဌာနဆိုင်ရာ/ပုဂ္ဂလိက/လူမှုအဖွဲ့အစည်း ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၂၅-၇-၂၀၁၇ |

၄၀။ အလုပ်ရုံဆွေးနွေးပွဲတွင် FLEGT ဆိုင်ရာများ၊ မြန်မာနိုင်ငံ၌ FLEGT-VPA လုပ်ငန်းစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ တရားဝင်သစ်ဖြစ်ကြောင်းအာမခံသည့်စနစ်အကြောင်း၊ သစ်တောကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်

မည့်လုပ်ငန်းစဉ်များ၊ ပုဂ္ဂလိကကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အုပ်စုကိုယ်စားလှယ်များမှ ပြန်လည်ဆွေးနွေးတင်ပြခြင်း၊ အလုပ်ရုံဆွေးနွေးပွဲရလဒ်များအားစုစည်း တင်ပြခြင်းတို့ကို ဆောင်ရွက်ကြပါသည်။

၄၁။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် အုပ်စု (၃) စုဖွဲ့၍ ဆွေးနွေးဖော်ထုတ်ရလာဒ်များအား အောက်ဖော်ပြပါအတိုင်း စုစည်းရရှိပါသည်-

(က) **ကောင်းမွန်သောသစ်တောစီမံအုပ်ချုပ်ခြင်း (Forest Governance)** ခေါင်းစဉ်တွင် ကဏ္ဍ (၁၀) ရပ် ခွဲခြားလျှက် ဆွေးနွေးဖော်ထုတ်ချက် (၁၄၅) ချက် ရရှိပါသည်၊

(ခ) **အကျိုးဆက်စပ်ပတ်သက်သူများဖော်ထုတ်ခြင်း (Stakeholder Mapping)** ခေါင်းစဉ်တွင် ကဏ္ဍ (၄) ရပ် ခွဲခြားလျှက် ဆွေးနွေးဖော်ထုတ်ချက် (၉၉) ချက် ရရှိပါသည်၊

(ဂ) **FLEGT အောင်မြင်ရေးအတွက် လိုအပ်ချက်များ (Needs for FLEGT Success)** ခေါင်းစဉ်တွင် ကဏ္ဍ (၁၃) ရပ် ခွဲခြားလျှက် ဆွေးနွေးဖော်ထုတ်ချက် (၁၀၄) ချက် ရရှိပါသည်။ ထို့ကြောင့် အုပ်စု (၃) ဖွဲ့၏ ဆွေးနွေးဖော်ထုတ်ချက်ပေါင်း (၃၄၈) ချက် ရရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

**ရှေ့လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးမှု**

၄၂။ FLEGT VPA လုပ်ငန်းစဉ်အရ စေ့စပ်ညှိနှိုင်းခြင်းအတွက် ကြိုတင်ပြင်ဆင်ရမည့် အဓိကအချက်များမှာ-

(က) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (MSG) ဖွဲ့စည်းခြင်း၊

(ခ) VPA ဆောင်ရွက်ရခြင်း၏ ရှင်းလင်းသည့် အနာဂတ်မျှော်မှန်းချက်ကို တိတိကျကျဖွင့်ဆိုခြင်း၊

(ဂ) ကျယ်ပြန့်သော ကတိကဝတ်များကို နားလည်သဘောပေါက်ခြင်း၊

(ဃ) စေ့စပ်ဆွေးနွေးဆိုင်ရာ အဆိုပြု လမ်းပြမြေပုံ ရေးဆွဲဖော်ထုတ်ခြင်း၊

(င) တရားဝင် (legality) အဓိပ္ပာယ်ဖွင့်ဆိုမှု မူကြမ်း ရေးဆွဲခြင်း၊

(စ) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်နယ်မြေကန့်သတ်ချက်ရှိသောဒေသများအတွက် ကြိုတင်တွက်ဆမှုများရှိခြင်းတို့ဖြစ်ပါသည်။

**သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group-MSG)ဖွဲ့စည်းခြင်း**

၄၃။ သုံးပွင်ဆိုင်ညွန့်ပေါင်းအဖွဲ့အား အမျိုးသားအဆင့်နှင့် နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် ဖွဲ့စည်းသွားမည်ဖြစ်ပြီး အကျိုးဆက်စပ်ပတ်သက်သူများအားလုံး ပါဝင်ဖွဲ့စည်းနိုင်ရေးအတွက် အစိုးရကဏ္ဍ ကိုယ်စားလှယ်များ အဆိုပြုရွေးချယ်ခြင်း၊ အရပ်ဖက်အဖွဲ့အစည်းကဏ္ဍနှင့်

ပုဂ္ဂလိကကဏ္ဍတို့မှ ကိုယ်စားလှယ်များ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**အမျိုးသားအဆင့်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း**

၄၄။ **ကိုယ်စားလှယ်အရေအတွက်သတ်မှတ်ခြင်း။** အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် အစိုးရကဏ္ဍ ကိုယ်စားလှယ် (၉) ဦး၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ် (၉) ဦး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍ ကိုယ်စားလှယ် (၉) ဦးနှင့် FLEGT Focal Point (၁) ဦး၊ စုစုပေါင်း အဖွဲ့ဝင် (၂၈) ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ရာ ကိုယ်စားလှယ်အမည်စာရင်းများ ရရှိရေးအတွက် ကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။

၄၅။ **အစိုးရကဏ္ဍ**။ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် ပါဝင်မည့် အစိုးရကဏ္ဍကိုယ်စားလှယ်များ ရွေးချယ်နိုင်ရေးအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ဌာနများထံမှ ကိုယ်စားလှယ်အမည်စာရင်းအား ညှိနှိုင်းတောင်းခံခဲ့ပါသည်–

(က) သစ်တောဦးစီးဌာန (၂)ဦး၊

(ခ) မြန်မာ့သစ်လုပ်ငန်း (၂) ဦး၊

(ဂ) ပတ်ဝန်းကျင်ထိန်း သိမ်းရေးဦးစီးဌာန (၁) ဦး၊

(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၁) ဦး၊

(င) အကောက်ခွန်ဦးစီးဌာန (၁) ဦး၊

(စ) ကုန်သွယ် ရေးဦးစီးဌာန (၁) ဦး

(ဆ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန (၁)ဦး၊

၄၆။ **ပုဂ္ဂလိကကဏ္ဍ**။ ကြားဖြတ်လုပ်ငန်းအဖွဲ့ဝင် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များသည် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ အောက်ဖော်ပြပါအတိုင်း သွားရောက်၍ ပုဂ္ဂလိက လုပ်ငန်းရှင်များအား FLEGT VPA လုပ်ငန်းစဉ် ရှင်းလင်းဆွေးနွေးခြင်း၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ အမှုဆောင်ကော်မတီ ရွေးချယ်ခြင်း၊ အမျိုးသားအဆင့်နှင့် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် ပါဝင်မည့် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်-

| စဉ် | တိုင်း/ပြည်နယ် | ကျင်းပသည့် နေ့ရက် | |
|---|---|---|---|
| ၁ | မန္တလေး | ၁၆.၃.၂၀၁၇ | |
| ၂ | ပဲခူး | ၂၆.၄.၂၀၁၇ | |

| စဉ် | တိုင်း/ပြည်နယ် | ကျင်းပသည့် နေ့ရက် | |
|---|---|---|---|
| ၃ | တနင်္သာရီ | ၂၀.၆.၂၀၁၇ | ၂၁.၆.၂၀၁၇ |
| ၄ | ကရင် | ၁၂.၇.၂၀၁၇ | ၁၃.၇.၂၀၁၇ |
| ၅ | မွန် | ၁၄.၇.၂၀၁၇ | |
| ၆ | စစ်ကိုင်း | ၁၀.၈.၂၀၁၇ | |
| ၇ | ဧရာဝတီ | ၂၁.၈.၂၀၁၇ | |
| ၈ | မကွေး | ၂၈.၈.၂၀၁၇ | |
| ၉ | ရှမ်း | ၆.၉.၂၀၁၇ | |
| ၁၀ | ကယား | ၇.၉.၂၀၁၇ | |
| ၁၁ | နေပြည်တော် | ၁၅.၉.၂၀၁၇ | |
| ၁၂ | ရန်ကုန် | ၂၈.၉.၂၀၁၇ | |
| ၁၃ | ရခိုင် | ၉.၁၀.၂၀၁၇ | |
| ၁၄ | ကချင် | ၁၇.၁၁.၂၀၁၇ | |
| ၁၅ | ချင်း | ၂.၁၂.၂၀၁၇ | |

၄၇။ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် ပါဝင်မည့် ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များအား အောက်ဖော်ပြပါအတိုင်း ရွေးချယ်တင်မြှောက်ခြင်း ဆောင်ရွက်ခဲ့ကြပါသည်–

(က) မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ရွေးချယ်ပေးသော-အသင်းဥက္ကဋ္ဌ (၁) ဦးနှင့် အလုပ်အမှုဆောင် (သို့မဟုတ်) ပညာရှင် (၁) ဦး၊

(ခ) ရန်ကုန်တိုင်းဒေသကြီး သစ်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်(၁)ဦး၊

(ဂ) နေပြည်တော်/ပဲခူးတိုင်းဒေသကြီး သစ်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်(၁) ဦး၊

(ဃ) မန္တလေးတိုင်းဒေသကြီး သစ်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်(၁)ဦး၊

(င) စစ်ကိုင်းတိုင်းဒေသကြီး သစ်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ် (၁) ဦး၊

(စ) ဧရာဝတီ/မကွေး တိုင်းဒေသကြီး/ ရခိုင်/ချင်း ပြည်နယ် သစ်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ် (၁) ဦး၊

(ဆ) ကချင်/ရှမ်း/ကယားပြည်နယ် သစ်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်(၁)ဦး၊

(ဈ) တနင်္သာရီ တိုင်းဒေသကြီး/ ကရင်/မွန် ပြည်နယ် သစ်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ် (၁) ဦး၊

၄၈။ **အရပ်ဖက်လူမှုအဖွဲ့အစည်းကဏ္ဍ**။ ကြားဖြတ်လုပ်ငန်းအဖွဲ့ဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းကဏ္ဍ ကိုယ်စားလှယ်များသည် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ အောက်ဖော်ပြပါအတိုင်း သွားရောက်၍ FLEGT VPA လုပ်ငန်းစဉ် ရှင်းလင်းဆွေးနွေးခြင်း၊ လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်ရွေးချယ်ခြင်းနှင့် အမျိုးသားအဆင့်နှင့် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင်ပါဝင်မည့် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်-

| စဉ် | တိုင်း/ပြည်နယ် | ကျင်းပသည့် နေ့ရက် | |
|---|---|---|---|
| ၁ | မန္တလေး | ၁၂.၅.၂၀၁၇ | ၁၃.၅.၂၀၁၇ |
| ၂ | ကရင် | ၁၇.၆.၂၀၁၆ | ၁၈.၆.၂၀၁၆ |
| ၃ | ပဲခူး | ၂၉.၇.၂၀၁၇ | ၃၀.၇.၂၀၁၇ |
| ၄ | စစ်ကိုင်း | ၂၉.၈.၂၀၁၇ | ၃၀.၈.၂၀၁၇ |
| ၅ | မကွေး | ၉.၉.၂၀၁၇ | ၁၀.၉.၂၀၁၇ |
| ၆ | ဧရာဝတီ | ၂၉.၉.၂၀၁၇ | ၃၀.၉.၂၀၁၇ |
| ၇ | ကချင် | ၂၀.၁၀.၂၀၁၇ | ၂၁.၁၀.၂၀၁၇ |
| ၈ | မွန် | ၂၇.၁၀.၂၀၁၇ | ၂၈.၁၀.၂၀၁၇ |
| ၉ | တနင်္သာရီ | ၅.၁၁.၂၀၁၇ | ၆.၁၁.၂၀၁၇ |
| ၁၀ | ရှမ်း | ၂၁.၁၁.၂၀၁၇ | ၂၂.၁၁.၂၀၁၇ |
| ၁၁ | ကယား | ၂၇.၁၁.၂၀၁၇ | |
| ၁၂ | ချင်း | ၁၂.၁၂.၂၀၁၇ | ၁၃.၁၂.၂၀၁၇ |
| ၁၃ | နေပြည်တော် | ၂၂.၁၂.၂၀၁၇ | |
| ၁၄ | ရန်ကုန် | ၁၁.၁.၂၀၁၈ | ၁၂.၁.၂၀၁၈ |
| ၁၅ | ရခိုင် | ၁၅.၁.၂၀၁၈ | ၁၆.၁.၂၀၁၈ |

၄၉။ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် ပါဝင်မည့် အရပ်ဖက်လူမှုအဖွဲ့အစည်းကဏ္ဍ ကိုယ်စားလှယ်များအား အောက်ဖော်ပြပါအတိုင်း ရွေးချယ်တင်မြှောက်ခြင်း ဆောင်ရွက်ခဲ့ကြပါသည်–

(က) ပထမအဆင့် ရွေးချယ်တင်မြှောက်ခြင်းကို နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ကိုယ်စားလှယ်များဖြင့် **တစ်နိုင်ငံလုံးဆိုင်ရာ လုပ်ငန်းအဖွဲ့** (၄၅) ဦး ရွေးချယ်ခြင်း၊

(ခ) ဒုတိယအဆင့် ရွေးချယ်တင်မြှောက်ခြင်းကို ပထမအဆင့် ရွေးချယ်ထားသော ကိုယ်စားလှယ်များအနက်မှ **ဦးဆောင်ကော်မတီဝင် (၁၅) ဦး** ရွေးချယ်ခြင်း၊

(ဂ) တတိယအဆင့်နှင့် နောက်ဆုံးအဆင့် ရွေးချယ်တင်မြှောက်ခြင်းကို ဒုတိယအဆင့် ရွေးချယ်ထားသော ကိုယ်စားလှယ် (၁၅) ဦးအနက်မှ (၉) ဦးကို **အမြဲတမ်းအဖွဲ့ဝင်** အဖြစ် ရွေးချယ်ပြီး ကျန် (၆) ဦးအား **အရန်ကိုယ်စားလှယ်များ**အဖြစ် သတ်မှတ်ခြင်း၊

၅၀။ **FLEGT Focal Point ။** သစ်တောဦးစီးဌာနမှ FLEGT Focal Point အဖြစ် ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအထိ သစ်တောဦးစီးရုံးချုပ်၊ သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးဖေချစ် (ယခု-ညွှန်ကြားရေးမှူး ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန) မှ ဆောင်ရွက်ခဲ့ပြီး၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၅.၁၁.၂၀၁၆ ရက်စွဲပါ စာအမှတ် Head Office/001/040/2016 အရ သစ်တောဦးစီးရုံးချုပ်၊ သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးဖြိုးဇင်မွန်နိုင် မှ ဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်။

၅၁။ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (National Level FLEGT Multi-Stakeholder Group) ဖွဲ့စည်းခြင်းအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၁၄.၈.၂၀၁၈ ရက်စွဲပါ စာအမှတ် (သစ်တော)၃(၁)/၀၄(သထ)/(၂၉၄၉/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်စာရင်းအား နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြ အပ်ပါသည်။

**နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဖွဲ့စည်းခြင်း**

၅၂။ **ဦးဆောင်နာယက တင်မြှောက်ခြင်း။** နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ဖွဲ့စည်းမည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အား ဦးဆောင်မှုပေးနိုင်ရန် နေပြည်တော် ကောင်စီဥက္ကဋ္ဌ မှ တာဝန်ပေးအပ်သော နေပြည်တော်ကောင်စီဝင် (၁) ဦး၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သော အစိုးရအဖွဲ့ဝင် (၁)ဦးအား ဦးဆောင်နာယကအဖြစ် တင်မြှောက်သွားမည်ဖြစ်ပါသည်။ အဆိုပါ ဦးဆောင်နာယက အမည်စာရင်းရရှိရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များထံ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ကိုယ်စားလှယ်အမည်စာရင်းများ ရရှိပြီးဖြစ်ပါသည်။

၅၃။ **လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း။** နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သစ်တောဦးစီးဌာနမှ ဦးစီးဦးဆောင်ပြုရမည်ဖြစ်ပြီး အဖွဲ့ဝင် (၃) ဦး သို့မဟုတ် (၆) ဦးအထိ ပါ ဝင်သော လုပ်ငန်းအဖွဲ့ကို ကဏ္ဍတစ်ရပ်လျှင် (၁) ဦး သို့မဟုတ် (၂) ဦးစီဖြင့် ဖွဲ့စည်းသွားရမည်ဖြစ်ပါသည်။

၅၄။ **ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ခြင်း။** နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အား သက်ဆိုင်ရာကဏ္ဍအလိုက် သတ်မှတ်ဆုံးဖြတ်သော ကိုယ်စားလှယ်အရေအတွက်အတိုင်း ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

၅၅။ **အစိုးရကဏ္ဍ။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများထံ ကိုယ်စားလှယ်အမည်စာရင်းအား ညှိနှိုင်းတောင်းခံခဲ့ရာ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် အသီးသီးအတွက် အောက်ဖော်ပြပါ ဌာန/လုပ်ငန်းများမှ ကိုယ်စားလှယ်အမည်စာရင်းများ ရရှိပြီးဖြစ်ပါသည်-

(က) သစ်တောဦးစီးဌာန၊

(ခ) မြန်မာ့သစ်လုပ်ငန်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊

(ဃ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(င) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊

(စ) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊

(ဆ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊

(ဇ) ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)၊

(ဈ) အကောက်ခွန်ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)

၅၆။ **ပုဂ္ဂလိကကဏ္ဍ။** ပုဂ္ဂလိကကဏ္ဍအဖွဲ့ဝင်များကို နေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ် အလိုက် ခရိုင်တစ်ခုလျှင် အနည်းဆုံး (၁) ဦးစီ ရွေးချယ်တင်မြှောက်သွားမည်ဖြစ်ပြီး ခရိုင်ကိုယ်စားလှယ် ရွေးချယ်နိုင်ခြင်း မရှိသောဒေသအား ခေတ္တချန်လှပ်ထားမည်ဖြစ်ပါသည်။

၅၇။ **အရပ်ဖက်လူမှုအဖွဲ့အစည်းကဏ္ဍ။** နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်များရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်အတိုင်း ရွေးချယ်တင်မြှောက်သွားမည်ဖြစ်ပါသည်။

၅၈။ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များ အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် ကြားဖြတ်လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ဆဲ၊ ဆောင် ရွက်ရန်ကျန်

လုပ်ငန်းများကို ပခုံးပြောင်းတာဝန်ယူရမည်ဖြစ်ပြီး FLEGT VPA လုပ်ငန်းစဉ်အရ စေ့စပ်ညှိနှိုင်း ဆွေးနွေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရမည့်အဆင့်တွင် ဖော်ဆောင်ရမည့် အဓိက လုပ်ငန်းများကို အကျိုးဆက်စပ်ပတ်သက်သူများပါဝင်လျှက် ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ် ပါသည်။ ကြားဖြတ်လုပ်ငန်းအဖွဲ့မှ ရေးဆွဲထားရှိပြီးဖြစ်သည့် အမျိုးသားအဆင့် FLEGT သုံးပွင့် ဆိုင်ညွန့်ပေါင်းအဖွဲ့ (Multi-Stake holder Group- MSG) ၏ တာဝန်နှင့် ဝတ္တရားများ (မူကြမ်း)၊ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် FLEGT သုံးပွင့်ဆိုင်ညွန့် ပေါင်းအဖွဲ့ (Multi-Stake holder Group- MSG) ၏ တာဝန်နှင့် ဝတ္တရားများ(မူကြမ်း) များအား ပြန်လည်သုံးသပ် ပြင်ဆင်အတည်ပြုသွားရမည်ဖြစ်ပါသည်။

**စေ့စပ်ဆွေးနွေးဆိုင်ရာအဆိုပြုလမ်းပြမြေပုံမူကြမ်းရေးဆွဲခြင်း**

၅၉။ ကြားဖြတ်လုပ်ငန်းအဖွဲ့သည် စေ့စပ်ဆွေးနွေးဆိုင်ရာအဆိုပြုလမ်းပြမြေပုံ(မူကြမ်း) အား ရေးဆွဲထားရှိပြီးဖြစ်ပါသည်။

**တရားဝင် (Legality) အဓိပ္ပာယ်ဖွင့်ဆိုမှု မူကြမ်း ရေးဆွဲခြင်း**

၆၀။ တရားဝင်သစ် အဓိပ္ပာယ်ဖွင့်ဆိုချက်(မူကြမ်း)ရေးဆွဲရာတွင် မိမိတို့နိုင်ငံအခြေအနေနှင့် လိုက် လျောညီထွေဖြစ်မည့် သတ်မှတ်ချက်များ ပြင်ဆင်စဉ်းစားနိုင်ရေးအတွက် အခြားနိုင်ငံများ၏ အတွေ့ အကြုံဗဟုသုတများနှင့် အခြေခံသတင်းအချက်အလက်များ လေ့လာခြင်း၊ အသိအမြင်ဖွင့်ခြင်းနှင့် ဆွေးနွေးဖော်ထုတ်ခြင်းများ ဆောင်ရွက်နိုင်ရန် တရားဝင်သစ် အဓိပ္ပာယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Introduction of Legality Definition Workshop) အား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၇) (၈) ရက်နေ့တွင် ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ဌာနအကြီးအကဲများ၊ ကြားဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းရာတွင် ပါဝင်ကြမည့် ကိုယ်စားလှယ်များ၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ FLEGT Unit အဖွဲ့ဝင်များ၊ သစ်တောကဏ္ဍနှင့် ဆက်စပ်ပတ်သက်သည့် အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့ ကိုယ်စားလှယ်များ၊ DFID ကိုယ်စားလှယ် များအစရှိသည့် ကိုယ်စားလှယ် (၁၀၅) ဦးခန့် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေး ပွဲတွင် လိုင်ဘီးရီးယားနိုင်ငံ၏ FLEGT VPA လုပ်ငန်းစဉ်အတွေ့အကြုံများကို Forest Trends မှ Negabalee Werner မှ လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ FLEGT VPA လုပ်ငန်းစဉ်ဆိုင်ရာ အတွေ့အကြုံများကို Tafuiq Alimi မှလည်းကောင်း တင်ပြဆွေးနွေးခဲ့ပါသည်။

**ကြားဖြတ်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ်သုံးသပ်ခြင်း**

၆၁။ (၂၃) ကြိမ်မြောက် ကြားဖြတ်လုပ်ငန်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(၆) အရ ၂၂.၁၂.၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့၊ Palladium ရုံး၌ Work Plan Working Group အစည်း

အဝေးကျင်းပ၍ ကြားဖြတ်လုပ်ငန်းအဖွဲ့ လုပ်ငန်းစီမံချက် (၂၀၁၇) အရ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိမှု တို့အား သုံးသပ်ခြင်းနှင့် ကြားဖြတ်လုပ်ငန်းအဖွဲ့/သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ လုပ်ငန်းစီမံချက် (၂၀၁၈) ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကြားဖြတ်လုပ်ငန်းအဖွဲ့ လုပ်ငန်းစီမံချက် (၂၀၁၇) အား (၆၂%) ဆောင်ရွက်နိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပြီး ဆောင်ရွက်ရန်ကျန်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ၂၀၁၈ ခုနှစ်တွင် ဖော်ဆောင်နိုင်ရန် ကြားဖြတ်လုပ်ငန်းအဖွဲ့/သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့လုပ်ငန်းစီမံချက်(၂၀၁၈)ကို ဆွေးနွေးညှိနှိုင်းရေးဆွဲခဲ့ကြပြီး (၂၄) ကြိမ်မြောက် ကြားဖြတ်လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုခဲ့ပါသည်။

**ကြားဖြတ်လုပ်ငန်းအဖွဲ့/သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့လုပ်ငန်းစီမံချက်(၂၀၁၈)**

၆၂။ လုပ်ငန်းစီမံချက် (၂၀၁၈) တွင် ကြိုတင်ပြင်ဆင်သည့်အဆင့်မှ ဆွေးနွေးညှိနှိုင်းသည့်အဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် အောက်ဖော်ပြပါကဏ္ဍ(၆)ခုခွဲခြား၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအား ရေးဆွဲချမှတ်ထားရှိပါသည်-

(က) ညှိနှိုင်းဆွေးနွေးခြင်းအဆင့်သို့ ကြိုတင်ပြင်ဆင်ခြင်း၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်း ဆွေးနွေးခြင်း၊

(ခ) ညှိနှိုင်းဆွေးနွေးခြင်းအဆင့် စတင်ခြင်း၊

(ဂ) ဆက်သွယ်ရေးလိုင်းများမှ တဆင့် ဆက်စပ်ပတ်သက်သူများအား သတင်းပေးခြင်း၊

(ဃ) FLEGT နှင့်ဆက်စပ်သော သုတေသနများ၊ လေ့လာမှုများ၊ ဆန်းစစ်ချက်များ အစီအစဉ်ဆွဲခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊

(စ) ရန်ပုံငွေထောက်ပံ့ပေးရန် ပြင်ဆင်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းလုပ်ဆောင်ခြင်း၊

၆၃။ အဆိုပါလုပ်ငန်းစီမံချက် (၂၀၁၈) အရ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပုံနှင့် စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း၊ တာဝန်နှင့်ဝတ္တရားများ (မူကြမ်း) အား ပြင်ဆင်အတည်ပြုခြင်း၊ မြန်မာနိုင်ငံ၏ VPA ဆောင်ရွက်ရသည့် အကြောင်းအရင်း၊ ရည်မှန်းချက်၊ ပန်းတိုင်၊ ကတိကဝတ်များထုတ်ပြန်ခြင်း၊ တရားဝင်သစ်အဓိပ္ပာယ်ဖွင့်ဆိုချက် မူကြမ်းရေးဆွဲရေး၊ ဆွေးနွေးညှိနှိုင်းရေးလမ်းပြမြေပုံ ပြင်ဆင်ရေးဆွဲခြင်း၊ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဥရောပသမဂ္ဂနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုစတင်နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ FLEGT VPA ဆိုင်ရာ သတင်းအချက်နှင့် အသိပညာပေးခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ နှီးနှောဖလှယ်တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ လူမှုကွန်ယက်မီဒီယာများ အသုံးပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ရုပ်ရှင်ရိုက်ကူးဖြန့်ဝေခြင်း၊ ထောက်ပံ့ငွေပေးအပ်ခြင်း စသည့် လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့တွင် ဆောင်ရွက်ချက်များ

၆၄။ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံတို့အကြား FLEGT VPA လုပ်ငန်းစဉ် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်း၊ ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းများအား အကောင်အထည်ဖော်ခြင်း၊ ထောက်ပံ့ငွေပေးအပ်သည့်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ရန်ပုံငွေထောက်ပံ့မှုအပေါ် စနစ်တကျ အကျိုးရှိစွာ သုံးစွဲနိုင်ရေးနှင့် လုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ထောက်ပံ့ပေးအပ်သည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ခြင်း၊ နိုင်ငံအတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကဏ္ဍအတွင်း (သို့မဟုတ်) ကဏ္ဍအချင်းချင်း ဆက်သွယ်ဆောင်ရွက်ခြင်းစသည်တို့ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကိုယ်စား သစ်တောဦးစီးဌာနမှ ဦးစီးဦးဆောင်ပြု၍ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၆၅။ **FLEGT Unit ဖွဲ့စည်းခြင်း။** FLEGT လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရန် သစ်တောဦးစီးဌာန (ရုံးချုပ်) နှင့် မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်) တို့တွင် FLEGT Unit များဖွဲ့စည်းပြီး ဆောင်ရွက်လျှက်ရှိပါသည်။

၆၆။ **သင်တန်းများသင်ကြားပို့ချခြင်း။** သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများအနေဖြင့် FLEGT VPA ဆိုင်ရာလုပ်ငန်းစဉ်အား သိရှိနားလည်ပြီး ပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သစ်တော ဦးစီးဌာနတွင် ဖွင့်လှစ်သည့် သင်တန်းများ၌ အချိန်ပိုင်းသင်ကြားပို့ချခြင်း၊ ဗဟုသုတ ဖြန့်ဝေခြင်း တို့ကို (၇/၂၀၁၈)လအထိ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

| စဉ် | နေ့ရက် | နေရာ | ရာထူးအဆင့် | အရေအတွက် |
|---|---|---|---|---|
| ၁ | ၁၀.၂.၂၀၁၇ | သစ်တောသုတေသန | ဦးစီးအရာရှိ | ၃၀ |
| ၂ | ၁၀.၅.၂၀၁၇ | သစ်တောသုတေသန | တောအုပ်ကြီး | ၂၅ |
| ၃ | ၂၇.၁၀.၂၀၁၇ | သစ်တောသုတေသန | တောအုပ် | ၂၅ |
| ၄ | ၂၄.၁၁.၂၀၁၇ | ပုသိမ်ကြီး (CFDTC) | ဦးစီးအရာရှိ | ၂၀ |
| ၅ | ၁၁.၁၂.၂၀၁၇ | ပုသိမ်ကြီး (CFDTC) | တောအုပ်ကြီး | ၂၀ |
| ၆ | ၁၅.၁.၂၀၁၈ | သစ်တောသုတေသန | လက်ထောက်ညွှန်ကြားရေးမှူး | ၂၀ |
| ၇ | ၂၂.၁.၂၀၁၈ | မင်းတိုင်ပင်သစ်တောစခန်း | တောအုပ်ကြီး | ၁၉ |
| ၈ | ၈.၂.၂၀၁၈ | သစ်တောသုတေသန | တောအုပ် | ၂၅ |
| ၉ | ၁၁.၂.၂၀၁၈ | မြန်မာနိုင်ငံသစ်တောကျောင်း | အထူး(၃)လသင်တန်း | ၁၁၁ |

| | | | | |
|---|---|---|---|---|
| ၁၀ | ၁၉.၂.၂၀၁၈ | နန်ချွန်လေ့ကျင့်ရေး (၁) | လက်ထောက်မန်နေဂျာ | ၁၆ |
| ၁၁ | ၇.၅.၂၀၁၈ | နန်ချွန်လေ့ကျင့်ရေး (၁) | သစ်အုပ်ကြီး | ၂၄ |
| ၁၂ | ၄.၆.၂၀၁၈ | နန်ချွန်လေ့ကျင့်ရေး (၁) | သစ်အုပ် | ၂၅ |
| ၁၃ | ၉/၂၀.၇.၂၀၁၈ | သစ်တောဦးစီးရုံးချုပ်/CFDTC | တောအုပ်ကြီး | ၆၁ |
| | **စုစုပေါင်း** | **၁၄ကြိမ်** | | **၄၂၁** |

**နိုင်ငံတကာအထောက်အပံ့များ**

၆၇။ FLEGT VPA လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင် ပြေစေရန်အတွက် EU FAO FLEGT ၊ EU EFI တို့၏ အထောက်အပံ့ပေးခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) Dr. Marlene Buchy (FLEGT Advisor) အား ၂၀၁၅ ခုနှစ် ဇူလိုင်လမှ ၂၀၁၆ ခုနှစ် မတ်လအထိခန့်အပ်ပေးခဲ့ပြီး သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း တို့မှ ဝန်ထမ်းများအား စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ အမြင်ဖွင့်ခြင်း၊ ဆက်စပ် ပတ်သက်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဖြတ်လုပ်ငန်းအဖွဲ့ အစည်းအဝေးများ တွင် အကြံပြုဆွေးနွေးခြင်း ဆောင်ရွက်ခဲ့ပါသည်။

(ခ) Mr. Hugh Speechly (FLEGT Facilitator) အား ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစ၍ (၆) လကြာ ခန့်အပ်ပေးခဲ့ပြီး VPA လုပ်ငန်းစဉ် ကြိုတင်ပြင်ဆင်သည့်အဆင့်နှင့် ညှိ နှိုင်းဆွေးနွေးမှုအဆင့်တို့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ Stake-holder များအကြား ဆွေးနွေးမှုများ စတင်နိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ခဲ့ပါသည်။

(ဂ) FLEGT Secretary တစ်ဦးအား ၂၀၁၆ ခုနှစ်၊ မတ်လမှစ၍ (၈)လကြာခန့်အပ်ပေးခဲ့ ပါသည်။

(ဃ) FLEGT Advisor Dr. Francesca Marzatico ၂၀၁၇ ခုနှစ်၊ မတ်လမှ ၂၀၁၉ ခုနှစ်၊ မေလအထိ ခန့်အပ်ပေးထားပါသည်။

(င) FLEGT VPA ဆိုင်ရာ Development and Implementation of Communication and Stakeholder Engagement Strategies များဆောင်ရွက် နိုင်ရန်အတွက် Mr. Rutger-Jan Alexander Schoen အား ၂၀၁၇ ဇန္နဝါရီလမှစ၍ (၂)နှစ် ခန့်အပ်ပေးထားပါ သည်။ Website တည်ထောင်ခြင်းနှင့် FLEGT ဆိုင်ရာ အသိပညာပေးရုပ်ရှင် ရိုက်ကူးပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

(ဃ) နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် FAO ၊ International Alert စသည့် မိတ်ဖက်အဖွဲ့အစည်းများမှလည်း အကျိုးဆက်စပ်ပတ်သက်သူများ

အား FLEGT လုပ်ငန်းစဉ်ဆိုင်ရာ နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ပေးအပ်ခြင်း၊ ပူးပေါင်းဖော်ဆောင်ခြင်းများ ရှိပါသည်။

၆၈။ Department for International Development (DFID) ၊ United Kingdom မှ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် VPA လုပ်ငန်းစဉ်များအကောင်အထည်ဖေါ်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းလုပ်ငန်းများအတွက် အစိုးရနှင့် အကျိုးဆက်စပ်ပတ်သက်သူများကို ၂၀၁၆ ခုနှစ် ဖွန်လမှစတင်၍ (၃)နှစ်အတွင်း **"စတာလင်ပေါင်(၄.၆၅)သန်း"**ကို ကာလရှည်အထောက်အပံ့အဖြစ် ထောက်ပံ့ရန် သဘောတူခဲ့ရာ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများအတွက် Palladium အဖွဲ့ ငှားရမ်းခြင်းအတွက် **"စတာလင်ပေါင် (၂.၁၅)သန်း"**နှင့် နိုင်ငံအဆင့်အကျိုးဆက်စပ်ပတ်သက်သူများ၏ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် **"စတာလင်ပေါင်(၂.၅)သန်း"** ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ အဆိုပါထောက်ပံ့ငွေပေးအပ်ခြင်းအတွက် DFID နှင့် သစ်တောဦးစီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ (MoU) ကို ၂၇.၉.၂၀၁၇ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

၇၉။ အဆိုပါ ရန်ပုံငွေထောက်ပံ့မှုအပေါ် စနစ်တကျ အကျိုးရှိစွာ သုံးစွဲနိုင်ရေးနှင့် လုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် DFID ကိုယ်စားလှယ်များနှင့် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့တို့သည် ၂၁.၁၁.၂၀၁၇ ရက်နေ့တွင် သစ်တောဦးစီးရုံးချုပ်၊ အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ အသေးစိတ်ဆွေးနွေးခဲ့ကြပြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)၊ DFID မှ Mr. Dermot Shields (Team Leader, Global Forest Governance and Markets Programme)နဲ့ Ms. Jenni Hall, (Program Manager, DFID Burma Program, DFID, United Kingdom) တို့ပါဝင်သော ကြီးကြပ်မှုကော်မတီ (Oversight Committee) ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာန၏ ၄.၁၂.၂၀၁၇ ရက်စွဲပါစာအမှတ် (သစ်တော)၃/၀၄(FLEGT)(၃၉၉၃၂၀၁၇) အရ ဖွဲ့စည်းပြီး ကြီးကြပ်မှုကော်မတီ၏ တာဝန်နှင့် ဝတ္တရားများ ရေးဆွဲအတည်ပြုပြီးဖြစ်ပါသည်။

၇၀။ နားလည်မှုစာချွန်လွှာ(MoU)ပါ အပိုဒ်(၅.၁) (၅.၂) (၅.၃) များအရ အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍများမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် FLEGT VPA ဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အထောက်အပံ့ပေး နိုင်ရေးအတွက် စိတ်ပါဝင်စားကြောင်းအဆိုပြုလွှာ (EoI- Expression of Interest) များ ခေါ်ဆိုထားရှိပြီးဖြစ်ပါသည်။ ထို့ပြင် ထောက်ပံ့ငွေပေးအပ်နိုင်ရေးအတွက် အဆိုပြုလွှာရေးသားခြင်းဆိုင်ရာ သင်တန်းအား (၂၃.၄.၂၀၁၈ မှ ၂၇.၄.၂၀၁၈အထိ) ရန်ကုန်မြို့ရှိ International Business Centre တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် Call for Proposal လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ခဲ့ပြီး တင်ပြလာသော အဆိုပြုလွှာများအား အကဲဖြတ်ဆန်းစစ် လေ့လာခြင်းများကို

လည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ရန်ပုံငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပထမအကြိမ် MSG အစည်းအဝေးတွင် အတည်ပြုချက်ရယူပြီး ရန်ပုံငွေများအား ပေးအပ်သွားမည်ဖြစ်ပါသည်။

**Myanmar-EU FLEGT Logo**

၇၁။ မြန်မာနိုင်ငံ၏ FALEGT VPA လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာပေးအစီအစဉ်များ၊ ပိုစတာများ၊ စာအုပ်များ ထုတ်လုပ်ဖြန့်ဝေပေးရာတွင်လည်းကောင်း၊ အများပြည်သူ ပိုမိုသိရှိလာစေရန်နှင့် အဖွဲ့အစည်းအား ပိုမိုသိရှိလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ FLEGT Logo အား သတ်မှတ်နိုင်ရေးအတွက် သတင်းစာမှကြော်ငြာ၍ ယှဉ်ပြိုင်စေခဲ့ရာ ကြားဖြတ်လုပ်ငန်းအဖွဲ့ (၂၀) ကြိမ် မြောက်အစည်းအဝေးတွင် FLEGT Logo (၁) ခုအား ရွေးချယ်ခဲ့ကြပြီး ထပ်မံပြင်ဆင်ဖြည့်စွက်လိုသည်များအား ရွေးချယ်ခံရသူဖြင့် ဆက်လက်ညှိနှိုင်းပြင်ဆင်ခဲ့ပြီး ကြားဖြတ်လုပ်ငန်းအဖွဲ့၏ (၂၂) ကြိမ်မြောက်အစည်းအဝေးတွင် ရွေးချယ်ခဲ့ပါသည်။ ဆက်လက်၍ FLEGT Logo သုံးစွဲခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ တရားဝင် မှတ်ပုံတင်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၇၂။ FLEGT Logo နှင့် အရောင်နှင့် ဖော်ပြချက်များဆိုင်ရာ အဓိပ္ပာယ်ရှင်းလင်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Logo ပါဖော်ပြချက်များ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | အရောင်(၃)မျိုး အသုံးပြုထားပြီး ကဏ္ဍ(၃)ခု စိတ်ပါဝင်စားမှု မတူညီသော်လည်း အတူတူပူးပေါင်းပါဝင်နေမှုနှင့် မြန်မာနိုင်ငံ၏ သစ်ပင်သစ်တောများ၏ အမျိုးအစားစုံလင်မှုကို ရည်ညွှန်းပါသည်။ |
| | ရေရှည်တည်တံ့ဖွံ့ဖြိုးသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု အဓိပ္ပာယ်ကို သစ်ရွက်များ လှည့်ပတ်နေသည့်ပုံစံဖြင့် သရုပ်ဖော်ထားပါသည်။ |

| | |
|---|---|
| | မိမိဆန္ဒအလျောက် အကျိုးဆက်စပ်ပတ်သက်သူအားလုံး ပါဝင်သည့် အဓိပ္ပာယ်ကို သစ်ရွက်များအား လူပုံစံနှင့်တူအောင် ပြုလုပ်ထားခြင်းဖြင့် သရုပ်ဖော်ထားပါသည်။ |
| | တရားဝင်သစ်ကုန်သွယ်မှုကို တိုးမြှင့်ခြင်းနှင့် ဥပဒေသက်ရောက်မှု အဓိပ္ပာယ်ကို သစ်ပင် (၂) ပင်အား လူ (၂) ဦး သဘောတူသည့် ပုံစံဖြင့် သရုပ်ဖော်ထားပါသည်။ |
| FLEGT MYANMAR | Aller Font အား အသုံးပြုထားပါသည်။ |

**နိဂုံး**

၇၃။ မြန်မာနိုင်ငံသည် FLEGT VPA လုပ်ငန်းစဉ်ဖော်ဆောင်ရာတွင် မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား ရှုထောင့်အမျိုးမျိုးမှ စိစစ်သုံးသပ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို အကျိုးဆက်စပ်ပတ်သက်သူများ ပါဝင်ဆွေးနွေးဖော်ထုတ်နိုင်မည်ဖြစ်သဖြင့် ပိုမိုပြည့်စုံကောင်းမွန်သော၊ ခိုင်မာသော၊ ထိရောက်သော မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းသတ်မှတ်နိုင်မည်ဖြစ်ပါသည်။ သယံဇာတဆိုင်ရာ အခွင့်အရေးများကို တရားနည်းလမ်းတကျ မျှမျှတတ ခံစားခွင့်များ ရရှိနိုင်ပြီး ထာဝစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုစနစ်ကို ပိုမိုအားကောင်းလာစေမည်ဖြစ်သည့်အတွက် အဖိုးတန်သစ်တောသယံဇာတများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့ဈေးကွက်များအတွင်း ထိုးဖောက်ဝင်ရောက်နိုင်သည့် အခွင့်အလမ်းများ ရရှိလာ၍ တရားဝင်ကုန်သွယ်မှု တိုးတက်လာပြီး နိုင်ငံ့ဝင်ငွေ ပိုမိုရရှိနိုင်မည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ခိုင်မာသော ဈေးကွက်နှင့် အကျိုးအမြတ်များ ရရှိလာမည်ဖြစ်သည့်အပြင် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ပုံရိပ်နှင့် ဂုဏ်သတင်း မြင့်တက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

၇၄။ FLEGT VPA လုပ်ငန်းစဉ်သည် အမျိုးသားရေးလုပ်ငန်းစဉ် (National Process) တစ်ရပ်ဖြစ်ပြီး အကျိုးဆက်စပ်ပတ်သက်သူများအားလုံးပါဝင်လျက် ဘုံသဘောတူညီမှုများ ရရှိအောင် ဆွေးနွေးညှိနှိုင်းအဖြေရှာ၍ ဆောင်ရွက်ရသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ အကျိုးဆက်စပ်ပတ်သက်သူ (Stakeholders) အသီးသီးတွင် အမြင်နှင့် မျှော်မှန်းချက် (Vision and Expectation) အမျိုးမျိုးရှိခြင်းကြောင့် တစ်ဦးနှင့် တစ်ဦး ၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ပွင့်လင်းမြင်သာစွာ အချိန်ယူ ဆွေးနွေးညှိနှိုင်းလျှက် ယုံကြည်မှုကို တည်ဆောက်ကာ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့မှ အလွှာအသီးသီး၊ လူတန်းစားအသီးသီး၊ အဖွဲ့အစည်းအသီးသီးက တက်ညီလက်ညီ စိတ်အားထက်သန်စွာ အပြုသဘောဆောင်ပြီး ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲ (က)

# ကြားဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များစာရင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် ၊(သစ်တော)၃/၀၄(FLEGT)(၁၂၈၇/၂၀၁၇)
ရက်စွဲ ၂၀၁၇ခုနှစ်၊ဧပြီလ ၇ ရက်

အကြောင်းအရာ။ EU-FLEGT VPA **ကြားဖြတ်လုပ်ငန်းအဖွဲ့(Interim Task Force-ITF)အား ကိုယ်စားလှယ်များပြောင်းလဲဖွဲ့စည်းခြင်း**

ရည်ညွှန်းချက်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၁-၈-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၃(၁)/၀၁(ခ)/၃(၃၀)/(၂၀၄၉/၂၀၁၇)

၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၉/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ FLEGT VPA လုပ်ငန်းစဉ်များအားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရည်ညွှန်းပါစာဖြင့် ဖွဲ့စည်းခဲ့သော ကြားဖြတ်လုပ်ငန်းအဖွဲ့(Interim Task Force-ITF)အားအောက်ဖော်ပြပါကိုယ်စားလှယ်များဖြင့်ပြောင်းလဲဖွဲ့စည်းလိုက်သည်-

(က) **အစိုးရကဏ္ဍ ကိုယ်စားလှယ်များ**

| | | |
|---|---|---|
| (၁) | ဦးကျော်ဇော | ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန |
| (၂) | ဦးညီညီထွန်း | ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း |
| (၃) | ဒေါ်ခင်မြမြထွေး | ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနကုန်သွယ်ရေးဦးစီးဌာန |
| (၄) | ဦးဇော်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန |
| (၅) | ဦးဖြိုးဇင်မွန်နိုင် | လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန |
| (၆) | ဒေါက်တာ တင်တင်မြင့် | မန်နေဂျာ(သစ်ထုတ်ရေး)၊ မြန်မာ့သစ်လုပ်ငန်း |
| (၇) | ဦးအောင်ဖြိုး | လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန |
| (၈) | ဒုတိယရဲမှူးကြီးဝင်းထွန်း | အမှတ်(၁)သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ ရန်ကုန်မြို့ |

၂

## (ခ) ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များ

| | |
|---|---|
| (၁) ဒေါက်တာစိန်ဝင်း | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် |
| (၂) ဦးမျိုးမင်း | အကြံပေး<br>မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် |
| (၃) ဦးနေလင်းအောင် | ဥက္ကဋ္ဌ<br>သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း |
| (၄) ဦးစိုးဝင်း | အဖွဲ့ဝင်<br>မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် |
| (၅) ဦးမြင့်သူ | အဖွဲ့ဝင်၊<br>မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် |
| (၆) ဦးအုပ်စိုးပိုင် | အဖွဲ့ဝင်<br>မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် |
| (၇) ဦးစိုးမော် | အဖွဲ့ဝင်<br>မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် |
| (၈) ဦးသိန်းချို | အဖွဲ့ဝင်<br>မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် |

## (ဂ) အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍ ကိုယ်စားလှယ်များ

| | |
|---|---|
| (၁) ဦးဘောန်ဇွန်း | စီမံကိန်းညှိနှိုင်းရေးတာဝန်ခံ<br>စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုး တက်ရေးအသင်း |
| (၂) ဦးဆလိုင်းကျုံးလျှန်ထောင်း | ပျိုးပင်၊ ရန်ကုန်တိုင်းဒေသကြီး |
| (၃) ဦးဇော်သူရ | ထားဝယ်သုတေသနအသင်း<br>တနင်္သာရီတိုင်းဒေသကြီး |
| (၄) ဦးကျော်မင်းထွဋ် | သုရိယစန္ဒာ၊ စစ်ကိုင်းတိုင်းဒေသကြီး |
| (၅) ဒေါ်ခေါ်လွေ | BRIDGE ၊ ကချင်ပြည်နယ် |

၄

(၆) ဦးမျိုးမြင့်ဦး (ဦးအိုလာ) Green Network Sustainable Group
မကွေးတိုင်းဒေသကြီး

(၇) ဦးစိုးဟိန်း စိမ်းရောင်စို၊ မန္တလေးတိုင်းဒေသကြီး

(၈) ဒေါ်နော်ဘလေ့ဆွမ် ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ
လုပ်ရှားမှု ကွန်ရက် (KESAN)၊
ကရင်ပြည်နယ်

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ခင်မောင်ရီ၊အမြဲတမ်းအတွင်းဝန်)

ဖြန့်ဝေခြင်း

(က) အစိုးရကဏ္ဍ ကိုယ်စားလှယ်များ

(ခ) ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များ

(ဂ) အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍ ကိုယ်စားလှယ်
မိတ္တူကို

ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ရုံးလက်ခံ။

နောက်ဆက်တွဲ (ခ)

# အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များစာရင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
အမိန့်ကြော်ငြာစာအမှတ် ( ၁၄၈ /၂၀၁၈)
၁၃၈၀ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

**အမျိုးသားအဆင့် FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံနှင့်ဥရောပသမဂ္ဂတို့၏ သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့်ကုန်သွယ်မှုဆိုင်ရာ ဆန္ဒအလျောက်မိတ်ဖက်အဖြစ် သဘောတူညီချက်ဆိုင်ရာ (Forest Law Enforcement, Governance and Trade, Voluntary Partnership Agreement – FLEGT VPA) လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် **အမျိုးသားအဆင့် FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (National Level FLEGT Multi-Stakeholder Group)** ကို အောက်ဖော်ပြပါ အစိုးရကဏ္ဍ၊အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းလိုက်သည်-

(က) **အစိုးရကဏ္ဍကိုယ်စားလှယ်များ**

(၁) ဦးဟန်ဝင်းနိုင်
ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(၂) ရဲမှူးကြီးကျော်ဇေယျ
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၃) ဦးတင်ထွန်း
ညွှန်ကြားရေးမှူး(စီမံကိန်းနှင့်စာရင်းအင်းဌာန)
သစ်တောဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၄) ဦးကျော်ဇော
ညွှန်ကြားရေးမှူး(သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန)
သစ်တောဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂

(၅) ဦးခင်မောင်ကြည်
ဒုတိယအထွေထွေမန်နေဂျာ(သစ်ထုတ်ရေး)
မြန်မာ့သစ်လုပ်ငန်း
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၆) ဦးညွန့်ဝေ
ဒုတိယအထွေထွေမန်နေဂျာ(စီမံကိန်း)
မြန်မာ့သစ်လုပ်ငန်း
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၇) ဒေါက်တာဆန်းဦး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၈) ဒေါ်တင်စန်းရီ
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၉) ဦးကြည်ဦး
ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များ

(၁) ဥက္ကဋ္ဌ
မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

(၂) အလုပ်အမှုဆောင် (သို့မဟုတ်) ပညာရှင်
မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

(၃) ဦးသိန်းချို
ဥက္ကဋ္ဌ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး

(၄) ဦးရဲမင်းသူ
ဥက္ကဋ္ဌ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး

(၅) ဦးမြင့်ရွှေ
ဥက္ကဋ္ဌ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး

(၆) ဦးဇော်လင်းဦး
ဥက္ကဋ္ဌ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မွန်ပြည်နယ်
(မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု)

(၇) ဦးညွန့်ဆန်း
ဒုတိယဥက္ကဋ္ဌ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီး (ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်ကိုယ်စားပြု)

(၈) ဦးတေဇာဝင်းထွန်း
ဥက္ကဋ္ဌ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ကယားပြည်နယ်
(ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်ကိုယ်စားပြု)

(၉) ဦးသိန်းဝင်း
ဥက္ကဋ္ဌ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ နေပြည်တော်ကောင်စီ
(နေပြည်တော်ကောင်စီ၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု)

(ဂ) **အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍကိုယ်စားလှယ်များ**

(၁) ဒေါ်ခေါလွှီ
ဒါရိုက်တာ၊ BRIDGE
ကချင်ပြည်နယ်

(၂) ဦးဇော်သူရ
ဥက္ကဋ္ဌ၊ ထားဝယ်သုတေသနအသင်း
တနင်္သာရီတိုင်းဒေသကြီး

(၃) ဦးစိုးဟိန်း
စီမံကိန်းညှိနှိုင်းရေးမှူး၊ တရားမျှတသောအစိမ်းရောင်လူ့အဖွဲ့အစည်း
မန္တလေးတိုင်းဒေသကြီး

(၄) ဦးမျိုးမြင့်ဦး(ခ)အိုလာ
ဒါရိုက်တာ၊ Green Network Sustainable Environmental Group
မကွေးတိုင်းဒေသကြီး

(၅) ဦးကျော်မင်းထွန်း
Founder ၊ သူရိယစန္ဒာ
စစ်ကိုင်းတိုင်းဒေသကြီး

(၆) ဦးရှိန်းဝေဒိုင်း
ဥက္ကဋ္ဌ၊ တောင်းတန်းဒေသဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း
ချင်းပြည်နယ်

(၇) ဦးသန်းထွန်း
တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံသစ်တောအသင်း
ရန်ကုန်တိုင်းဒေသကြီး

(၈) ဒေါ်သန်းသန်းအေး
လားရှိုးတာဝန်ခံ၊ စစ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း
ရှမ်းပြည်နယ်

(၉) ဦးရန်နိုင်လင်း
အဖွဲ့ခေါင်းဆောင်၊ ကျုံဒိုးလူငယ်ဖွံ့ဖြိုးရေးအဖွဲ့
ကရင်ပြည်နယ်

(ဃ) **FLEGT Focal Point**

(၁) ဦးဖြိုးဇင်မွန်နိုင်
လက်ထောက်ညွှန်ကြားရေးမှူး(သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန)
သစ်တောဦးစီးဌာန

၂။ အမျိုးသားအဆင့် FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များသည် ၎င်းတို့၏ လုပ်ငန်းများ ဆောင်ရွက်ရာ၌ အောက်ဖော်ပြပါကျင့်ဝတ်များ (Code of Conduct) ကို လိုက်နာကျင့်သုံးရန် သဘောတူညီမှု ရှိရမည်ဖြစ်သည်-

(က) အပြန်အလှန် လေးစားမှုဖြင့် လူပုဂ္ဂိုလ်အပေါ်တွင် အခြေမခံဘဲ အကြောင်းအရာပေါ်တွင် မူတည်ဆွေးနွေးရန်၊

(ခ) အမျိုးသားအဆင့် FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စနစ်ကျပြီး တာဝန်ယူ၊ တာဝန်ခံမှု ရှိရန်၊

(ဂ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အဖွဲ့ဝင်များအချင်းချင်း အပြန်အလှန် လေးစား အသိအမှတ်ပြုရန်။

၅

၃။ အမျိုးသားအဆင့် FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ **လုပ်ငန်းတာဝန်များမှာ** အောက်ပါအတိုင်းဖြစ်သည်-

(က) FLEGT VPA လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်မည့် အစီအစဉ်တစ်ရပ် (Work Plan) ရေးဆွဲရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအစီအစဉ်တွင် အသုံးစရိတ်ပါ ထည့်သွင်းတွက်ချက်ထားရမည်။ ၎င်းလုပ်ငန်းအစီအစဉ်တိုင်းသည် နိုင်ငံတကာအဖွဲ့အစည်းများ၏ စံနှုန်းလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် ထည့်သွင်းစဉ်းစားရန်လိုအပ်မည်။

(ခ) VPA ဆွေးနွေးညှိနှိုင်းမည့်အချက်များကို အတည်ပြုခြင်း၊ VPA စေ့စပ်ဆွေးနွေးမှုများအား ပြည်သူများသို့ ချပြခြင်း၊ ငွေကြေးအထောက်အပံ့ပေးသည့် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများသို့ နှစ်ချုပ်အစီရင်ခံစာ တင်ပြခြင်းများကို အတွင်းရေးမှူးရုံးအဖွဲ့၏ အကူအညီဖြင့် သတ်မှတ်ထားသော အချိန်ဇယားနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာ ထုတ်ပြန်ခြင်းနှင့် ပြင်ပသို့ ထုတ်ဝေဖြန့်ဖြူးခြင်း၊ ၎င်းအပေါ်အခြေခံ၍ FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်ရမည်။

(ဃ) အမျိုးသားအဆင့် FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ဖွဲ့စည်းပုံ၊ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို အဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် လိုအပ်ပါက ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းကို ဆောင်ရွက်နိုင်သည်။

(င) FLEGT VPA လုပ်ငန်းအစီအစဉ် (Work Plan) ပါ လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရေးအတွက် ပါဝင်ကြိုးကြပ်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို လိုအပ်သလိုဆောင်ရွက်ရမည်။

(စ) FLEGT VPA လုပ်ငန်းစဉ်အတွက် ရန်ပုံငွေရှာဖွေသုံးစွဲခြင်းနှင့်ပတ်သက်၍ မူဝါဒများချမှတ်ခြင်း၊ အတည်ပြုခြင်းနှင့် သုံးစွဲခြင်းကို ကြီးကြပ်ဆောင်ရွက်ရမည်။

(ဆ) FLEGT VPA လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော ကဏ္ဍအလိုက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များအား ဖွဲ့စည်းနိုင်သည်။

(ဇ) FLEGT VPA လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် အတွင်းရေးမှူးရုံးနှင့် ကဏ္ဍအလိုက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များအား ကြီးကြပ်ကွပ်ကဲရမည်။

(ဈ) FLEGT VPA လုပ်ငန်းစဉ်နှင့်ပတ်သက်၍ FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ စိစစ်ဆောင်ရွက်ရန်လိုအပ်သော နိုင်ငံတကာနှင့်ပြည်တွင်းအဖွဲ့အစည်းများမှ တင်ပြတောင်းခံ

လာသည့် စီမံကိန်းများအတွက် ရန်ပုံငွေအပါအဝင် စီမံကိန်းလုပ်ငန်းများ စိစစ်ရွေးချယ်ခြင်းကို လုပ်ငန်းကော်မတီဖွဲ့စည်း၍ ဆောင်ရွက်ရမည်။

(ည) အပိုဒ်ခွဲ(ဈ)ပါ စိစစ်ထားသော စီမံကိန်းများတွင်မပါဝင်ဘဲ FLEGT VPA လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဆောင်ရွက်မည့်စီမံကိန်းများအား FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သို့လာရောက်ရှင်းလင်းတင်ပြစေရန်နှင့် လာရောက်ရှင်းလင်းတင်ပြခြင်းမရှိသည့် စီမံကိန်းများအားထောက်ပံ့ပေးသည့် အဖွဲ့အစည်းများသို့ အကြောင်းကြားကန့်ကွက်သွားရမည်။

(ဋ) FLEGT VPA လုပ်ငန်းစဉ်အရ ဥရောပသမဂ္ဂနှင့်ညှိနှိုင်းမည့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွင် ကဏ္ဍအလိုက်ကိုယ်စားလှယ်တစ်ဦးစီ ကိုယ်စားပြုပါဝင်မည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များကို အသီးသီးရွေးချယ်တင်မြှောက်ပေးခြင်း၊ ဆွေးနွေးညှိနှိုင်းသည့်အချက်များကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ အဆင်ပြေချောမွေ့စေရေးအတွက် အထောက်အပံ့ပေးခြင်း ဆောင်ရွက်ရမည်။

၄။ ကဏ္ဍအလိုက် ကိုယ်စားပြုသော အမျိုးသားအဆင့် FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ၏ **အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ** အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကိုယ်စားလှယ်များသည် ၎င်းတို့၏လုပ်ငန်းတာဝန်များကိုပြီးမြောက်အောင် ဆောင်ရွက်ရန်၊

(ခ) ကဏ္ဍအလိုက် ကိုယ်စားလှယ်များသည် ၎င်းတို့၏ အစုအဖွဲ့အတွင်း ပြုလုပ်ဆောင်ရွက်နေသော လုပ်ငန်းလုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များ၊ ဖြစ်ပေါ်တိုးတက်မှုများကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သို့ ပုံမှန်အသိပေးမျှဝေရန်၊

(ဂ) ကဏ္ဍအလိုက် ကိုယ်စားလှယ်များသည် ကဏ္ဍအလိုက်ပြဋ္ဌာန်းထားသော အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရန်-

(၁) **အစိုးရကဏ္ဍကိုယ်စားလှယ်များ**

(ကက) အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များနှင့် အပြုသဘောဆောင်သော အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်၊

(ခခ) မြန်မာနိုင်ငံ၏ FLEGT VPA လုပ်ငန်းစဉ် အကောင်အထည်ဖော်ရန် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အား ထိရောက်သော ပံ့ပိုးမှုများပေးလျက်နိုင်မာသော ကတိကဝတ်ပြုပါဝင်ဆောင်ရွက်ရန်၊

(ဂဂ) မြန်မာနိုင်ငံ၏ FLEGT VPA လုပ်ငန်းစဉ်တွင် ပြည်ထောင်စုအစိုးရ ၊ ဌာန/လုပ်ငန်း/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရ အဖွဲ့များအနေဖြင့် အပြည့်အဝပါဝင်ဆောင်ရွက်ပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဆင့်ဆင့် တို့အကြား ရှင်းလင်းနိုင်မာသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ တူညီစွာ ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင် ရွက်ရန်၊

(ဃဃ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ဆုံးဖြတ်အတည်ပြုသော ညှိနှိုင်းဆွေးနွေး ချက်များ၊ အစီရင်ခံစာပုံစံများ ပြုစုရန်အတွက် သက်ဆိုင်ရာ သတင်း အချက်အလက်များကို မှန်ကန်စွာထုတ်ဖော်ပေးနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရန်၊

(ငင) FLEGT VPA လုပ်ငန်းစဉ်ကို အတားအဆီးဖြစ်စေသော ကိစ္စရပ်များ ကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် ညှိနှိုင်းအဖြေရှာ၍ FLEGT VPA လုပ်ငန်းစဉ်အား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(စစ) FLEGT VPA လုပ်ငန်းစဉ်ကို အထောက်အကူပြုသောလုပ်ငန်းများ၊ ဆွေးနွေးညှိနှိုင်းချက်များကို အစိုးရဌာနအသီးသီးမှ အချိန်နှင့် တစ်ပြေး ညီ သိရှိစေရန် ထုတ်ပြန်ပေးခြင်း၊ သတင်းစီးဆင်းမှု မြန်ဆန် လွယ်ကူ ချောမွေ့စေရန် ဌာနဆိုင်ရာ အချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆဆ) FLEGT VPA လုပ်ငန်းစဉ်တွင်ပါဝင်ပတ်သက်နေသော အစိုးရဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ စွမ်းဆောင် ရည်ကို မြှင့်တင်ရန်၊

(ဇဇ) ထာဝစဉ်တည်တံ့သော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုကို အထောက်အကူ ပြုစေရေးအတွက် လက်ရှိပြဋ္ဌာန်းထားသော ဥပဒေကို သက်ရောက်မှု အားကောင်းစေရန်နှင့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်လျော ညီထွေရှိပြီး ပိုမိုအားကောင်းလာစေရန် ပြင်ဆင်လိုသောအချက်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် လွှတ်တော်များသို့ အကြံပြု တင်ပြသွား ရန်၊

(ဈဈ) သစ်တောမြေနှင့် သစ်တောသယံဇာတများဆိုင်ရာ သတင်းအချက် အလက်များအား ပွင့်လင်းမြင်သာမှုရှိရှိ ထုတ်ပြန်ပေးရန်၊

၈

(ညည) FLEGT VPA ကို အကျိုးရှိရှိ အကောင်အထည်ဖော်ရန်အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများအား လိုက်နာဆောင်ရွက်ရန်အတွက် ကူညီဆောင်ရွက်ကြရန်။

(၂) **ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များ**

(ကက) အစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်၊

(ခခ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သဘောတူအတည်ပြုထားသော ကောက်နုတ်ချက်များ၊ သတင်းအချက်အလက်များကို ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အစုအဖွဲ့အတွင်း သိရှိနားလည်၍ လက်တွေ့အကောင်အထည်ဖော်နိုင်ရေး တာဝန်ယူဆောင်ရွက်ရန်၊

(ဂဂ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ဆုံးဖြတ်အတည်ပြုသော အစီရင်ခံစာ ပုံစံများ၊ ဆွေးနွေးချက်များကို လျင်မြန်သွက်လက်စွာ လုပ်ဆောင်နိုင်ရန် အတွက် ပုဂ္ဂလိက ကဏ္ဍက လိုအပ်သော ဆက်စပ်သတင်းအချက်အလက်များကို မှန်ကန် မြန်ဆန်စွာ ထုတ်ပြန်ပေးရန်၊

(ဃဃ) FLEGT VPA လုပ်ငန်းစဉ်ကို အတားအဆီးဖြစ်စေသော ကိစ္စရပ်များကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် ညှိနှိုင်းအဖြေရှာ၍ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ငင) FLEGT VPA လုပ်ငန်းစဉ်ကို အထောက်အကူပြုသော လုပ်ငန်းများ၊ ဆွေးနွေးညှိနှိုင်းချက်များကို ပုဂ္ဂလိက ကဏ္ဍမှ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် ထုတ်ပြန်ပေးခြင်း၊ သတင်းစီးဆင်းမှု မြန်ဆန်လွယ်ကူစွာ ဆောင်ရွက်ပေးရန်၊

(စစ) FLEGT VPA လုပ်ငန်းစဉ်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် စွမ်းဆောင်ရည်ကိုမြှင့်တင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကြား လုပ်ဆောင်ပေးရန်၊

(ဆဆ) ပုဂ္ဂလိကကဏ္ဍအတွင်း ဥပဒေလိုက်နာဆောင်ရွက်မှုရှိစေရန်နှင့် သစ်တောသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးကို အားပေးဆောင်ရွက်ရန်၊

၉

(ဇဇ) ထာဝစဉ်တည်တံ့သောသစ်တောအုပ်ချုပ်လုပ်ကိုင်မှုကို အထောက်အကူပြုစေရေးအတွက် တရားဝင်ထုတ်လုပ်သည့် သစ်တောထွက်ပစ္စည်းများကို ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်အတွင်း ဝင်ရောက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ရန်။

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍကိုယ်စားလှယ်များ**

(ကက) အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်၊

(ခခ) FLEGT VPA လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ ၊ ပြည်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊

(ဂဂ) FLEGT VPA လုပ်ငန်းစဉ် သတင်းအချက်အလက်များကို ပြည်သူများသို့ အချိန်မီထုတ်ပြန်ရေးနှင့် ပြည်သူများအကြား အချေအတင်ဆွေးနွေးမှုများကို အားကြိုးမာန်တက် ဆောင်ရွက်ရန်၊

(ဃဃ) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ သဘောတူ အတည်ပြုထားသော ကောက်နုတ်ချက်များ၊ သတင်းအချက်အလက်များကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအတွင်း သိရှိနားလည်၍ လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ရန်၊

(ငင) FLEGT VPA လုပ်ငန်းစဉ်ကို အတားအဆီးဖြစ်စေသော ကိစ္စရပ်များကို သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့နှင့် ညှိနှိုင်းအဖြေရှာ၍ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စစ) သစ်တောနှင့် သစ်တောသယံဇာတများနှင့်ပတ်သက်၍ ပြည်သူတို့၏ မျှော်လင့်ချက်များ၊လိုအပ်ချက်များအား တိတိကျကျရှင်းရှင်းလင်းလင်း ဖော်ထုတ်ရန်။

(ပုံ) အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာအမှတ်၊(သစ်တော)၃(၁)/၀၄(သထ)/( ၂၉၄၉ /၂၀၁၈)
ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန
ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ကိုယ်စားလှယ်များအားလုံး၊ အမျိုးသားအဆင့် FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့
Myanmar-EU FLEGT အတွင်းရေးမှူးရုံး
မျှောစာတွဲ
ရုံးလက်ခံ။

အမိန့်အရ

( ခင်မောင်ရီ )
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (ဂ)

**အတိုကောက်စာလုံးများ**

| | | |
|---|---|---|
| AAC | - | နှစ်စဉ်တောထွက် (Annual Allowable Cut) |
| CFDTC | - | ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုသင်တန်းကျောင်း (Central Forestry Development Training Centre) |
| CSO | - | အရပ်ဖက်လူမှုအဖွဲ့အစည်း (Civil Society Organization) |
| DFID | - | အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဌာန (Department for International Development) |
| EC | - | ဥရောပသမဂ္ဂကော်မရှင် (European Commission) |
| EFI | - | ဥရောပသမဂ္ဂသစ်တောဆိုင်ရာအဖွဲ့ (European Forest Institute) |
| EOI | - | စိတ်ပါဝင်စားကြောင်းအဆိုပြုလွှာ (Expression of Interest) |
| EU | - | ဥရောပသမဂ္ဂ (European Union) |
| EUTR | - | ဥရောပသမဂ္ဂ သစ်တင်သွင်းမှုဆိုင်ရာစည်းမျဉ်း (European Union Timber Regulation) |
| FAO | - | Food and Agriculture Organization of the United Nations (ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့) |
| FRA | - | သစ်တောသယံဇာတစာရင်းကောက်ယူခြင်း (Forest Resource Assement) |
| FLEG | - | သစ်တောဥပဒေ စိုးမိုးမှုနှင့် စီမံအုပ်ချုပ်မှု (Forest Law Enforecment and Governance) |
| FLEGT | - | သစ်တောဥပဒေ စိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှု (Forest Law Enforcement, Governance and Trade) |
| ITF | - | ကြားဖြတ်လုပ်ငန်းအဖွဲ့ (Interim Task Force) |
| JIC | - | ပူးပေါင်းအကောင်အထည်ဖော်ရေးကော်မတီ (Joint Implementation Committee) |
| MoU | - | နားလည်မှုစာချွန်လွှာ (Memorandum of Understanding) |

| | | |
|---|---|---|
| MSG | - | သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group) |
| OC | - | ကြီးကြပ်မှုကော်မတီ (Oversight Committee) |
| PPP | - | ပြည်သူပိုင်လုပ်ငန်းများအတွက် တရားဝင်ပစ္စည်းများသာ ဝယ်ယူရမည့် မူဝါဒ (Public Procurement Policy) |
| SFM | - | ထာဝစဉ်တည်တံ့စေမည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ် (Sustainable Forest Management) |
| TLAS | - | တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် (Timber Legality Assurance System) |
| VPA | - | ဆန္ဒအလျောက် မိတ်ဖက်အဖြစ် သဘောတူညီချက် (Voluntary Partnership Agreement) |